မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်၍ ကြက်ဆူပင်စိုက်ပျိုးပေး ကြက်ဆူဆီကိုအသုံးပြုပြီး ထော်လာဂျီနှင့် အခြားယာဉ်များ စမ်းသပ်မောင်းနှင်ပြသမှု ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဉယျာဉ် သစ်တောဇုန်ရှိ သစ်တောပညာပေးပြခန်းအနီး မြက်ခင်းပြင်၌ကျင်းပသည့် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူ ပင်မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဉယျာဉ် သစ်တောဇုန်ရှိ သစ်တောပညာပေးပြခန်းအနီး မြက်ခင်းပြင်၌ကျင်းပသည့် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ရောက်ရှိလာရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တို့၏ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယမြို့တော်ဝန်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများကကြိုဆိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

ပညာတတ်ရန်သာမက ပြည်ထောင်စုချစ်စိတ် တည်ဆောက်ပေး ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေး ကျရာအခန်းကဏ္ဍကပါဝင်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၇)မှ သင်တန်းသား သင်တန်းသူများက ဇန်နဝါရီလ ၂၀ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

အဆိုပါ ဩဝါဒခံယူပွဲ အခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကားပြောကြားရာတွင်–

"စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် တတိယ အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးပင် ဖြစ်ကြောင်း သို့အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ၏ပညာရည်မြင့်မားအောင် ယခုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။"

ပြောကြားသွားသည်။

ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသများမှ တိုင်းရင်းသား လူငယ်များအားလုံး ပညာတတ်မြောက်ပြီး တန်ဖိုးရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေးသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် အခြားသောတက္ကသိုလ်၊ ကောလိပ်များနှင့် သဘောသဘာဝချင်း၊ ရည်ရွယ်ချက်ချင်း မတူညီသည့်အတွက် တက္ကသိုလ်၏ ထူးခြားသည့် သဘောသဘာဝနှင့် လိုက်လျောညီထွေစွာ ယုံကြည်ချက်၊ ခံယူချက်ထားရှိကြရန် လိုပေသည်။

ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ ပညာတတ်မြောက်အောင်၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရင်း နိုင်ငံတော်၏ အတွင်းပိုင်းဒေသများနေ ပြည်သူများနှင့် နယ်စပ်ဒေသနေပြည်သူများ တစ်ဦးနှင့်တစ်ဦး အခွင့်အလမ်းတူညီမျှတလာစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းပပျောက်ပြီး တစ်နိုင်ငံလုံး မျှတစွာ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းဆောင်ရွက်ပေး လျက်ရှိရာတွင် စာသင်ကျောင်းများဖွင့်လှစ်ပြီး ဒေသခံများ ပညာရည်မြင့်မားစေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ အလွန်ဝေးလံသောဒေသများတွင် အထူးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

ယခုအခါ အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို နယ်မြေဒေသအနှံ့ အပြည့်အဝ ဖြန့်ကြက် ထူထောင်ပေးထားပြီးဖြစ်သဖြင့် ဒေသအလိုက်လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာအဆောက်အအုံများကို ဒေသက မွေးထုတ်လိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်နေပြီ ဖြစ်သည်။ ဒေသတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပါဝင်တည်ဆောက်နိုင်ရေးဟူသည့် ရည်ရွယ်ချက်ဖြင့် စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု မျှတလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသများအားလုံးသည်လည်း ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်သူများ ပညာရည်ပြည့်ဝပြီး အသိဉာဏ်ဗဟုသုတ ကြွယ်ဝမှသာ ဒီမိုကရေစီနည်းဖြင့် လူတော်လူကောင်းများကို ရွေးချယ်ရာတွင် မှန်ကန်စွာရွေးချယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရက ပြည်သူများ မှန်ကန်သော အသိတရား ပညာဉာဏ်တို့ဖြင့် တွေးခေါ်ရွေးချယ်တတ်စေရန် တိုင်းရင်းသားပြည်သူများအားလုံး ပညာတတ်မြောက်စေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့အတူ ပြည်သူများအနေဖြင့် နိုင်ငံတော်၏အနာဂတ်ကို အဂတိတရား ကင်းရှင်းစွာ၊ ဆန္ဒစွဲကင်းရှင်းစွာ ရွေးချယ်နိုင်စေရန်၊ စီးပွားရေးကောင်းမွန်ရေး၊ စားဝတ်နေရေး ဖူလုံပြည့်စုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ရရှိစေရန်လည်း နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သော ပညာရေးဝန်ထမ်းများသည် တိုင်းရင်းသားလူငယ်များ ပညာတတ်မြောက်စေရန်သာမက ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသောစိတ်ဓာတ် တည်ဆောက်ပေးရင်း ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင် လက်တွေ့ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4
ရုပ်မြင်သံကြား အစီအစဉ်

၂၂-၁-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း–၁)
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၀	ရှုချင်စရာ မျက်လှည့်ပဒေသာ
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ရော်ဘာစိုက်ပျိုးပြည်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	"ဒါ"ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ညီရော်၊ဆုပန်ထွာ)
၉:၀၅	Sunday Talk
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	Myanmar Video Rhythm
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့်)
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅	ပိန်ခြင်း၊ ဝခြင်းပြဿနာနှင့် အပျိုစင်တို့ရဲ့ အသားအရေလှပခြင်း
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	သံချည်သံကွေးအတတ်ပညာ အပိုင်း(၂)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇:၂၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၇:၅၅	Chelsea - Charlton	5-Sports (Live)
၁၀:၂၅	Man : United - Liverpool	5-Sports (Live)
၁၂:၂၀	Final Score	5-Sports (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈:၃၀	Siena-AC Milan	5-Cartoons (Live)
၂:၀၀	Fiorentina - Messina	MRTV-4 (Live)

မြဝတီရုပ်မြင်သံကြား

၂၂-၁-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတတရားတော် **"သခ်ံတမှ အသခ်ံတသို့"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"လူရိုးလူဖြောင့်"** (အပိုင်း–၂)
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း–၆)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲအစီအစဉ် Manchester United Vs Liverpool

ပေးအပ်လှူဒါန်း

ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်၂၅၊ အခန်း၅နေ ဦးအောင်ကြည်–ဒေါ်ခင်စောမိသားစုတို့က အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးခင်စိုးထံ ပေးအပ်လှူဒါန်းကြစဉ်။

(က–ပ)

မဟာတေဇမုနိစေတီတော် ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်းမဟာမင်္ဂလာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် သတ္တဌာနမူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်း၊ ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် အလှူတော်ငွေပေးအပ်ပွဲကို ယနေ့နံနက်၇နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို၍ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပြီး ပန်းလည်တိုင်ကို စိုက်ထူပူဇော်ပေးသည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၃၆ပါး ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်မှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ပရိတ်ချည်များဆက်ကပ်

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တသုတ်ပရိတ် တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော် ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဌာပနာတော်များနှင့် ပန်းလည်တိုင်တို့ကို စေတီတော်မြတ်အားရည်မှန်း၍ ဆရာတော်များထံ ဆက်ကပ်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော်များအား သင့်န်းအစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင် ရေးစပ်သီကုံး ပူဇော်သည့် ထုတိသြဘာမင်္ဂလာကေပိုဒ်ရတုကို သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသက အနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မူလဌာပနာတော်များ၊ အလယ်ဌာပနာတော်များနှင့် ပန်းလည်တိုင်တို့ကို စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ရန် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများသည် သတ်မှတ်နေရာ၌ ကြိုတင်နေရာယူကြသည်။

လှည့်လည်ပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက ဌာပနာတော်ပစ္စည်းများနှင့် ပန်းလည်တိုင်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ပေးကြသည်။

ထိုအချိန်တွင် ပန်းတဉ်းတန်းဝတ်အသင်း၊ မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ ဓမ္မတေးများကို သီကျူးပူဇော်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန် ဘောဂဝတီကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် ပန်းလည်တိုင်ကို စေတီတော်မြတ်အား ရည်မှန်း၍ ဆရာတော်များထံ ဆက်ကပ်စဉ်။ (သတင်းစဉ်)

ထို့နောက် သတ္တဌာန မူလဌာပနာတော်များ ထည့်သွင်းပူဇော်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများသည် မူလဌာပနာတော်တိုက်၌ ကြိုတင်နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် သတ္တဌာန ဌာပနာတော်များကို မူလဌာပနာတော်တိုက်အတွင်း ထည့်သွင်းပူဇော်ပြီး ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဌာပနာတော်များကို အစီအစဉ်အတိုင်းထည့်သွင်းပူဇော်ပေးကြသည်။

ရွတ်ဆိုပူဇော်

ထိုအချိန်တွင် အခမ်းအနားမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဌာပနာတော်သွင်းဂါထာ၊ ဇယမင်္ဂလာဂါထာတော်များကို သီကျူးရွတ်ဆိုပူဇော်သည်။

ပက်ဖျန်းပူဇော်

ဆက်လက်၍ သတ္တဌာန မူလဌာပနာတိုက်တော်ကို ပိတ်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူး ဦးဆောင်၍ ဥပါသကာများနှင့် ပရိသတ်များက ဇယန္တော ဗောဓိယာမူလေ အစချီသော အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ပရိသတ်များသည် အလယ်ဌာပနာတိုက်၌ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပေးကြပြီး အလယ်ဌာပနာတော်တိုက်ကို ပိတ်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသည့် ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စေတီတော် အထွတ်တွင် ပန်းလည်တိုင်ကို စိုက်ထူပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် မဟာတေဇမုနိစေတီတော်မြတ်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နံနက် ၉နာရီ ၁၅မိနစ်တွင် အဆိုပါ စေတီတော်၏ ဂန္ဓကုဋိတိုက်၌ ဆက်လက်ကျင်းပရာ အလှူရှင်၇၈ ဦးတို့၏ လှူဒါန်းငွေကျပ်၂၆၉၇သိန်းကျော်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အလှူရှင်များအား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဝိပဿနာ ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၄၉)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဇန်နဝါရီ ၂၈ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် ဇန်နဝါရီ ၂၈ရက် ညနေ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၁၁ရက်က တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် သစ္စာလမ်း အမှတ် ၂၆၉နေ ဦးဆုံမင်း-ဒေါ်သန်းရီ သားသမီးမြေးတစ်စုက ဦးဆုံမင်း၏မွေးနေ့အလှူအဖြစ် ဥက္ကလာပစေတီတော် ရွှေသင်္ကန်းကပ်လှူခြင်း၊ သိမ်တန်ဆောင်းကြီးဆောက်လုပ်ခြင်းနှင့် ဘက်စုံအလှူတော်ငွေကျပ်သုံးသိန်းခြောက်ထောင်ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းက လက်ခံစဉ်။ (၂၀၀)

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၁

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းကြီးမှ ဂန္ထဝါစကပဏ္ဍိတ၊သဒ္ဓမ္မဇောတိကဓဇ၊ သာသနာပြုနယ်လှည့် ဓမ္မကထိက နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဇန်နဝါရီ ၂၅ရက်တွင် သုံးခွမြို့ ရှစ်မျက်နှာ ဘုရားရင်ပြင် ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်၊ ၂၆ရက်၌ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရားရင်ပြင် ထေရဝါဒ ဓမ္မသဘင်၊ ၂၇ရက်တွင် လှိုင်မြို့နယ်(၁၁)ရပ်ကွက် သဟပုညကာရီ ဆွမ်းလောင်းအသင်း ဆွမ်းလောင်းအောင်ပွဲ ဓမ္မသဘင်၊ ၂၈ရက်၌ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ဓမ္မသဘင်၊ ၂၉ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘို ဝက်လက်မြို့ ကျောက်တိုင်ရွာ ရဟန်းခံရှင်ပြု ဓမ္မသဘင်၊ ၃၀ရက်နှင့် ၃၁ရက်တို့၌ ရန်ကုန် သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဓမ္မဗိမာန် မလွန်ဆန်လှူပွဲ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

တရားပွဲရက် ရရှိပြီးသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံအနီး ကုလားကျောင်းမှတ်တိုင် အောင်မေတ္တာလမ်းသွယ် (၁)ရှိ မယ်တော်ကြီး ဒေါ်ညို ဖုန်း- ၀၁-၇၀၈၄၀၃၊ တစ်ဆင့်ဖုန်း- ၀၁-၆၆၄၉၀၉သို့ဆက်သွယ်ပင့်ဆောင်ရန် ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများ ဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေး အာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Oxypad Tablet (Paracetamol I.P 500mg, Diclofenac Sodium I.P 50mg, Magnesium Trisilicate I.P 100mg	Supermax Laboratories	India
၂။	Neucin Capsules (Neomycin Sulphate BP 350mg)	Uni-Sule Pvt.Ltd.	India
၃။	Buskopan Tablet (L-Hyoscyamine USP 300mcg	Uni-Sule Pvt.Ltd.	India
၄။	Panvid	Picco Pharma Co.,Ltd.	Thailand
၅။	Furazolidone (Tab)	A.N.H Products Ltd.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ဆေးဝါးအတု၊စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အာရှဆင်များ အမဲလိုက်သတ်ဖြတ်မှု တရုတ်နိုင်ငံ၌ အရေးယူဆောင်ရွက်

ကူမင်း ဇန်နဝါရီ ၂၁

တောရိုင်းဆင်များကို အမဲလိုက်သတ်ဖြတ်နေခြင်းမှ ကျဆင်းစေရန် အထူးတိုက်ဖျက်ရေးတစ်ရပ်ကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ပြီး ဆောင်ရွက်နေကြောင်း ယူနန်ပြည်နယ်သစ်တောရဲတပ်ဖွဲ့နှင့် သစ်တောအုပ်ချုပ်ရေးရုံးက ပြောကြားသည်။

ကျဆင်း

တရုတ်တောရိုင်း တိရစ္ဆာန်ကာကွယ်ရေး ဥပဒေအရ အဆိုပါ ပြည်နယ်၌ တစ်နှစ်ထက်တစ်နှစ် အာရှဆင်များ သတ်ဖြတ်မှုကျဆင်းလာကြောင်း သိရသည်။

ပြောကြား

တရုတ်နိုင်ငံ၌ အာရှဆင်ရိုင်းအကောင် ၃၀၀ကျော်အထိ မရှိတော့ကြောင်း နိုင်ငံတကာ တိရစ္ဆာန်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ (အိုင်အက်ဖ်အေဒဗလျူ) က ပြောကြားသည်။

ပြန်လာ

ယူနန်ပြည်နယ် စီရှမ်ဘင်နယ်ဒေသသည် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်တွင်ရှိသည်။ ယင်းဒေသတွင် အာရှဆင်များ အများစု နေထိုင်ကျက်စားရာ ဒေသဖြစ်သည်။ အာရှဆင်အကောင် ၁၇၀ ခန့် အဆိုပါ အရပ်ဒေသသို့ အပူပိုင်း မိုးသစ်တောများ အကောင်းဆုံး ထိန်းသိမ်းနိုင်ခဲ့၍ ပြန်လာလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ



ဂျပန်နိုင်ငံ တိုကျိုမြို့ ဆင်ခြေဖုံးရပ်ကွက်ရှိ အိုကိုကူ တိရစ္ဆာန်ရုံ၌ ဂိုဟမ်ဟုအမည် ပေးထားသော ပါးတွဲကြွက်တစ်ကောင်နှင့် အော်ချန်းအမည်ရှိ မြွေတို့ အတူတကွ အဆွေခင်ပွန်း ဖွဲ့နေကြသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။ (အဆိုပါတိရစ္ဆာန်ရုံမှ တာဝန်ရှိသူများက မြွေ၏အစာအဖြစ် ကြွက်ကို လှောင်အိမ်ထဲတွင် ထည့်သွင်းပေးထားသော်လည်း စားသောက်ခြင်းမရှိဘဲ အတူတကွ အဆွေခင်ပွန်းဖွဲ့နေသည်မှာ အလွန်ထူးဆန်းသည့် ဖြစ်ရပ်တစ်ခု ဖြစ်သည်ဟု ဆိုသည်။)

(ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်း လုံခြုံမှုစေရှိရန် ကုန်သေတ္တာစကင်နာများ တပ်ဆင်မည်

စစ်တကောင်း (ဘင်္ဂလားဒေ့ရှ်) ဇန်နဝါရီ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကအချက်အချာကျရာ ဆိပ်ကမ်းကြီးဖြစ်သော စစ်တကောင်းဆိပ်ကမ်း၌ ကုန်သေတ္တာများ တင်ပို့ခြင်းကို စစ်ဆေးပေးရန် ကုန်သေတ္တာစကင်နာများ တပ်ဆင်မည်ဖြစ်ကြောင်း ဆိပ်ကမ်းတာဝန်ရှိသူများက ဇန်နဝါရီ ၁၉ရက်၌ ပြောကြားလိုက်သည်။

ယင်းစီမံကိန်းကို ဒေါ်လာ ၁၂ သန်းအကုန်အကျခံ သုံးစွဲကာ မကြာမီ စီမံကိန်းစတင်မည်ဖြစ်ပြီး လာမည့် ဒီဇင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း ၎င်းဆိပ်ကမ်းကြီးသည် ကမ္ဘာပေါ်တွင် လုံခြုံမှုအရှိဆုံးနှင့် ခေတ်အမီဆုံး ဆိပ်ကမ်းကြီး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း စစ်တကောင်းဆိပ်ကမ်း အာဏာပိုင်အဖွဲ့(စီပီအေ)ဥက္ကဋ္ဌ ရှာရာဒက်ဟော့စိန်က ပြောကြားသည်။

ပေါ်ပေါက်

ယင်းဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရန် အဆိုပါ စီမံကိန်းကို အမေရိကန် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအေဂျင်စီက ယမန်နှစ်က အကြံပြုခဲ့ကြောင်း၊ ယမန်နှစ် ဩဂုတ်လက ဗုံးခွဲတိုက်ခိုက်မှုများ ဘင်္ဂလားဒေ့ရှ်၌ ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါစီမံကိန်းပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။

သုံးစွဲမည်

အဆိုပါ စီမံကိန်းကို ကိုယ်ပိုင်ရန်ပုံငွေများမှ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း၊ အမေရိကန်တို့က စက်တင်ဘာ ၁၁ရက် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ၎င်းနှင့်ဆက်သွယ်သော ကမ္ဘာ့ဆိပ်ကမ်းများအားလုံးကို လုံခြုံမှုရှိရန် တိုက်တွန်းထားကြောင်း သိရသည်။

ရှာဖွေ

မကြာသေးသည့် လများက ဘင်္ဂလားဒေ့ရှ်တွင် လက်နက်နှင့် ခဲယမ်းဖောက်ခွဲရေး ပစ္စည်းများရှာဖွေတွေ့ရှိပြီးနောက် အာဏာပိုင်တို့က ကုန်သေတ္တာစကင်နာများ တပ်ဆင်ရန် စိတ်အားထက်သန်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာ သတင်းများ

အာဖဂန် မိန်းကလေးငယ် သန်းဝက်ကျော် ယမန်နှစ်က ကျောင်းပြန်လည်တက်ရောက်နိုင်ခဲ့

ကဘူးလ် ဇန်နဝါရီ ၂၁

အာဖဂန် မိန်းကလေးသန်းဝက်ကျော်သည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ပံ့ကူညီမှုဖြင့် ၂၀၀၅ ခုနှစ်က ကျောင်းသို့ ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့က ဇန်နဝါရီ ၁၇ ရက်၌ ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် ၂၀၀၅ခုနှစ်က မိန်းကလေးသန်းဝက်ကျော် ကျောင်းသို့ ပြန်လည် တက်ရောက်နိုင်ခဲ့ကြကြောင်း၊ ကျောင်းတက်သူ မိန်းကလေးပေါင်း ၅၂၈၆၉၀ ရှိကြောင်း၊ ယင်းတို့အနက်မှ ယူနီဆက် အထောက်အပံ့ဖြင့်တက်သူ ၁၇၆၁၂၂ ဦးနှင့် ပုံမှန် အစိုးရမူလတန်းကျောင်းတက်သူ ၃၅၂၅၆၈ဦးရှိကြောင်း သတင်းကြေညာချက်တစ်ခု၌ ဖော်ပြသည်။

ယူနီဆက်က ပညာရေးစီမံကိန်းသစ် အစီအစဉ်အရ အာဖဂန်နစ္စတန်နိုင်ငံသို့ ကျောင်းသား ၄ ဒသမ ၈ သန်းနှင့် ဆရာ ဆရာမ ၄၀၀၀ အတွက် ထောက်ပံ့ပေးထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ကင်းလှည့်ယာဉ်ကို တိုက်ခိုက် အစောင့် ၁၀ ဦးသေဆုံး၊ အင်ဂျင်နီယာပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ ၁၈ ရက်က လက်နက်ကိုင်သမားများက ကင်းလှည့်ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ အီရတ်အစောင့် ၁၀ ဦးသေဆုံးပြီး အနည်းဆုံး မာလာဝီ အင်ဂျင်နီယာတစ်ဦး ပြန်ပေးဆွဲခံခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းများတွင် ဖော်ပြပါရှိသည်။

ကိုးကား

အစောင့်များသည် အီဂျစ်ပိုင် အိုရာစကွန်း ဆက်သွယ်ရေးကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသည့် အင်ဂျင်နီယာကို ကာကွယ်ရာမှသေဆုံးခဲ့ကြခြင်းဖြစ်ပြီး ၎င်းတို့သည် ယာဉ်သုံးစီး သို့မဟုတ် လေးစီးဖြင့် ကင်းလှည့်နေစဉ် ယင်းသို့ သေနတ်သမားများ၏ တိုက်ခိုက်မှုကိုခံရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောပြချက်ကို ကိုးကား၍ ရိုက်တာက ဖော်ပြသည်။

ပျောက်ဆုံး

ယင်းတိုက်ခိုက်ခံရမှုတွင် မာလာဝီမှတစ်ဦး၊ မဒါဂါစကာမှတစ်ဦး စုစုပေါင်း အင်ဂျင်နီယာနှစ်ဦးလည်း ပျောက်ဆုံးနေကြောင်း၊ ၎င်းတို့ဘာဖြစ်သည်ကို မိမိတို့ မသိရသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ ရှာမီးလ်ဟာနာဖီက ပြောကြားသည်။ စောစောပိုင်းကလည်း အီရတ် အင်ဂျင်နီယာခြောက်ဦးနှင့် အီဂျစ် အင်ဂျင်နီယာနှစ်ဦးတို့ ပြန်ပေးဆွဲခံခဲ့ရကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဗီယက်နမ်၏ အသင့်ချုပ်အဝတ်အထည်များ ပြည်ပတင်ပို့မှုမြင့်တက် ၂၀၁၀ ပြည့်နှစ်၌ ကမ္ဘာ့ ဒသမမြောက် အကြီးမားဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာမည်

ဟန်္နိုင်း ဇန်နဝါရီ ၂၁

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်တွင် အသင့်ချုပ်အဝတ်အထည်များ ပြည်ပတင်ပို့မှု၌ ကမ္ဘာ့ဒသမမြောက် အကြီးမားဆုံး အသင့်ချုပ်အဝတ်အထည်များ ပြည်ပတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည် ဖြစ်ကြောင်း ပြည်တွင်းထုတ် ဗီယက်နမ်နယူးသတင်းစာက ဇန်နဝါရီ၁၈ရက် ဗုဒ္ဓဟူးနေ့၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်းရှိ အသင့်ချုပ် အဝတ်အထည်များ ပြည်ပတင်ပို့သော နိုင်ငံပေါင်း ၁၅၃ နိုင်ငံတွင် အဆင့် ၁၆ နေရာ၌ ရှိခဲ့သည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် လာမည့် ၂၀၁၀ ပြည့်နှစ်တွင် အသင့်ချုပ် အဝတ်အထည်များ ပြည်ပတင်ပို့သည့် အကြီးမားဆုံး ၁၀ နိုင်ငံစာရင်းတွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း ဗီယက်နမ် နိုင်ငံ၏ အမျိုးသားအထည်အလိပ်နှင့် အသင့်ချုပ်အဝတ်အထည်များဆိုင်ရာ အုပ်စု၏ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ လီကွတ်အင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်က အထည်အလိပ်နှင့် အသင့်ချုပ် အဝတ်အထည်များ ပြည်ပသို့ တင်ပို့ရောင်းချမှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ ကျော် ရရှိခဲ့သည်။ ထို့ကြောင့် နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၉ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ အထည်အလိပ်နှင့် အသင့်ချုပ် အဝတ်အထည်များကို အစဉ်အလာအားဖြင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂတို့အား တင်ပို့ရောင်းချနေသလိုပင် ဈေးကွက်အသစ်ဖြစ်သော အာဖရိကနှင့် အရှေ့ဥရောပသို့လည်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ဗီယက်နမ်ပြည်တွင်း အဝတ်အထည် ထုတ်လုပ်သူများအနေဖြင့် ပိုမိုတက်ကြွစွာလုပ်ဆောင်ရေး၊ ကုန်သွယ်မှုစံချိန်စံညွှန်းပြည့်မီရေးနှင့်သတ်မှတ်ထားသောဈေးကွက်များအတွက် သတ်မှတ် စံချိန်မီသည့်ထုတ်ကုန်များ တင်ပို့ရေးကိုလည်း ဗီယက်နမ်နိုင်ငံ၏ အမျိုးသား အထည်အလိပ်နှင့် အသင့်ချုပ် အဝတ်အထည်များဆိုင်ရာ အုပ်စု၏ စီမံခန့်ခွဲရေးအဖွဲ့က တိုက်တွန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် အထည်အလိပ်နှင့် အသင့်ချုပ် အဝတ်အထည်များပြည်ပရောင်းချရမှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၅ဒသမ၅ ဘီလီယံရရှိရန် ရည်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

လမ်းဘေးဗုံးပေါက်ကွဲ

ဘာဆာရာမြို့၌ လမ်းဘေးဗုံး ပေါက်ကွဲပြီးနောက် ပျက်စီးနေသော ကားများကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန် လုံခြုံရေးကန်ထရိုက်တာ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန် ပုဂ္ဂလိကလုံခြုံရေးကန်ထရိုက်တာနှစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်ရှိ အမေရိကန်သံရုံးက ပြောကြားသည်။

အဆိုပါဖြစ်ရပ်မှာ ဇန်နဝါရီ ၁၈ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် ဘာဆာရာရှိ အီရတ်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဆိုင်ရာပုဂ္ဂလိကလုပ်ငန်းတစ်ခုအတွက် တာဝန်ထမ်းဆောင်နေသူများဖြစ်ကြောင်း အမေရိကန်သံရုံးက ပြောကြားသည်။

ဘာဆာရာမြို့တွင် အီရတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးရာတွင် အမေရိကန်နိုင်ငံသားများ ရှိနေခြင်းဖြစ်သည်။ ဘာဆာရာမြို့ရှိ အယ်တာရစ်ခရိုင်တွင် ၎င်းတို့စီးနင်းလာသော မော်တော်ယာဉ်ဖြတ်သန်းမောင်းနှင်စဉ် လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရိုက်တာဓာတ်ပုံသတင်းထောက်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အမျိုးသားညီလာခံကြီး၏လုပ်ငန်းစဉ်အပေါ် နှောင့်ယှက်ဖျက်ဆီးရန်ကြံရွယ်နေသည့် အဖျက်သမားမှုန်သမျှကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

လူထုအစည်းအဝေး မစတင်မီ နံနက် ၄ နာရီခွဲမှစတင်၍ စစ်ကြောင်းမှူး မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးနိုင် ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ မြိတ်တက္ကသိုလ်မှ နည်းပြများနှင့် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာများ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ သဘင်ပညာရှင်များ အစည်းအရုံးဝင်များ၊ ဗီဒီယိုအခြေခံအဖွဲ့ဝင်များ၊ ထားဝယ်စု၊ ကန်ကြီး၊ မြစ်ငယ်၊ တလိုင်းစုနှင့် ဆိပ်ငယ်ရပ်ကွက်တို့မှ ဒေသခံပြည်သူများ၊ ကလွင်ကျေးရွာမှ ကျေးရွာသူကျေးရွာသားများ စုစုပေါင်းအင်အား ၃၃၀၀ ကျော် ပါဝင်သည့် အနော်ရထာစစ်ကြောင်းသည် စုရပ်ဖြစ်သော မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှနေ၍လည်းကောင်း၊ စစ်ကြောင်းမှူး မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဝေ ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ နောက်လယ်၊ ဈေးတန်း၊ ကန်ခေါင်းနှင့် မြိတ်တောင်ရပ်ကွက်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ ကျော်ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်းသည် စုရပ်ဖြစ်သော မြိတ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှနေ၍လည်းကောင်း၊ စစ်ကြောင်းမှူး မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့် ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများနှင့် ဝန်ထမ်းများ၊ ကုမ္ပဏီများမှဝန်ထမ်းများ၊ အလယ်ကျွန်းနှင့် ကန်ဖျားရပ်ကွက်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၂၀၀ ကျော်ပါဝင်သည့် အောင်ဇေယျစစ်ကြောင်းသည် စုရပ်ဖြစ်သော ကန်ဖျားရပ်ကွက် မီးစက်ကြီးလမ်းဆုံမှနေ၍လည်းကောင်း၊ စစ်ကြောင်းမှူး မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကြည်ထွန်း ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သူနာပြုများ၊ ကုမ္ပဏီဝန်ထမ်းများ၊ မြိတ်တောင်ကျေးရွာနှင့် ကန်ဖျားရပ်ကွက်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ ကျော်ပါဝင်သည့် ဗန္ဓုလစစ်ကြောင်းသည် စုရပ်ဖြစ်သော ကန်ဖျားရပ်ကွက် မြေနီလမ်းဆုံမှနေ၍လည်းကောင်း နိုင်ငံတော်အလံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလံကိုင်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့ဝင်များနှင့်အတူ လူထုအစည်းအဝေးကျင်းပရာ မြို့မအားကစားကွင်းသို့ တစ်ခဲနက် တက်ကြွစွာချီတက်လာကြပြီး မြို့မအားကစားကွင်းအတွင်း ဝင်ရောက်၍ သတ်မှတ်နေရာအသီးသီးတို့၌ စနစ်တကျ နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျော်ကျော်ဖြိုး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ လူမှုထူးချွန်(တတိယဆင့်) သီရိသုဓမ္မမဏိဇောတရေ ဦးကျားမောင်၊ ရေခဲစက်လုပ်ငန်းရှင် ဦးလှဝင်း၊ သီတာရေလုပ်ငန်းကုမ္ပဏီမှ ဦးတင်ရှန်၊ မြို့မိမြို့ဖများဖြစ်ကြသည့် ဦးဂွမ်နှင့် ဦးဘွန်ကြည်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူး

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမင်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ဇင်ဦးက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ကြိုးပမ်းအားထုတ်

ထို့နောက် သဘာပတိ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာပေါ်၌ နိုင်ငံပေါင်း ၁၉၂ နိုင်ငံရှိသည့်အနက် နိုင်ငံပေါင်း ၁၉၀ သည် ကိုယ်ပိုင်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကိုယ်စီရှိကြကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံးကို စုစည်းညီညွတ်စွာ အုပ်ချုပ်နိုင်ရန် ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိခဲ့ကြောင်း၊ ယင်းနောက် ၁၉၄၇ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပျက်ပြယ်သွားပြီး ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ထပ်မံရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ယင်း ၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ၁၉၈၈ ခုနှစ်၌ ပျက်ပြယ်သွားပြီး လက်ရှိအစိုးရသည် နိုင်ငံတော်ပြိုကွဲပျက်စီးမသွားအောင်၊ တည်ငြိမ်အေးချမ်းမှုရှိအောင်၊ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ယနေ့အထိ ကြိုးပမ်းအားထုတ် ဆောင်ရွက်နေသည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်နေကြောင်း။

လက်ရှိနိုင်ငံတော်အစိုးရသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိအောင်နှင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရင်း တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီတည်ဆောက်ရေး ပန်းတိုင်ကို လုံးဝမျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်၏ အုပ်ချုပ်မှုအာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူ့ထံ ပြန်လည်အပ်နှင်းနိုင်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်အစိုးရသည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရန်အတွက် အဆင့်ခုနစ်ဆင့်ပါသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ချမှတ်ခဲ့ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်အဖြစ် ဆောင်ရွက်ရမည့်အရေးကြီးဆုံးလုပ်ငန်းကြီးမှာ ၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့်ဆိုင်းငံ့လျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရေးပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း။

အမျိုးသားညီလာခံကျင်းပခြင်းသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးကြောင်း၊ မှန်ကန်မှုလည်းရှိကြောင်း၊ အခြေခံအကျဆုံးလည်းဖြစ်ကြောင်း၊ ပထမဆုံးဆောင်ရွက်ရမည့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပပြီးစီးမှသာ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်သွားနိုင်မည်ဖြစ်ကြောင်း။

အလွန်အရေးကြီး

အဆောက်အအုံတစ်ခု ဆောက်လုပ်မည်ဆိုလျှင် ရေရှည်တည်တံ့ခိုင်မြဲရန် အခြေခံအုတ်မြစ်ချသည့်လုပ်ငန်းကို ပထမဦးစွာ အချိန်ယူပြီး စေ့စပ်သေချာစွာ တည်ဆောက်ရန်လိုအပ်ကြောင်း၊ အခြေခံအုတ်မြစ်သည် အရေးကြီးပါကြောင်း၊ အခြေခံအုတ်မြစ် ခိုင်ခံ့ကောင်းမွန်မှုမရှိခဲ့လျှင် ယင်းအဆောက်အအုံသည် မကြာခင်မှာပင် အကြောင်းတစ်ခုခုကြောင့် လွယ်လွယ်ကူကူဖြင့် ပြိုကျပျက်စီးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရန်အတွက် လွတ်လပ်ပြီးစည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ်ထွန်းကားရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင်သဘာဝ၊ လူမျိုးတို့၏ အလေ့အထနှင့်ရာသက်ပန် ကိုက်ညီအံဝင်ခွင်ကျဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန် အလွန်အရေးကြီးနေကြောင်း၊ ယင်းကဲ့သို့ အမြဲတမ်း လိုက်လျောညီထွေမှုရှိနေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နေ့ချင်းညချင်းပြီးအောင် ရေးဆွဲ၍မရနိုင်ကြောင်း။

ဤကဲ့သို့ မဟုတ်ဘဲ ဒီမိုကရေစီဖော်ဆောင်ရေးကို အဆောတလျင် လုပ်ဆောင်အကောင်အထည်ဖော်လိုသည့် ဆန္ဒဖြင့် အချိန်ယူအလေးအနက်ထားဆွေးနွေးညှိနှိုင်း သဘောတူညီချက်ရအောင်မလုပ်ဘဲ ပေါ့ပေါ့တန်တန်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလျင်စလို အမြန်အကောင်အထည်ဖော် ရေးဆွဲလုပ်ဆောင်မိလျှင် ၁၉၄၇ ခုနှစ်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကဲ့သို့ အမှားအယွင်းများ၊ လက်ရှိဘဝနှင့် မကိုက်ညီမှုများ၊ သဘောမတူ ဆန္ဒမပါဘဲ လက်ခံရသည့် အခြေအနေမျိုး အဖြစ်မျိုးများ ရှိလာနေဦးမည်ဖြစ်ကြောင်း၊ ဤကဲ့သို့သာဖြစ်ခဲ့လျှင် အနာဂတ်ကာလ အရေးကြီးသည့်လုပ်ငန်းများကို လက်တွေ့အကောင်အထည် ဖော်ရာတွင် အမှားအယွင်းများ၊ အခက်အခဲများဖြစ်ပေါ်လာပြီး အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည်ပြိုကွဲပြီး မလိုလားအပ်သည့် ဆိုးကျိုးများ ထပ်မံပေါ်ပေါက်လာနိုင်ကြောင်း။

ထို့ကြောင့် မိမိတို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံသွားရမည်ဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အတွက် သမိုင်းမော်ကွန်းတင်သွားမည့်အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဒို့တာဝန်အရေးသုံးပါး

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို မြိတ်မြို့မှ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် အမျိုးသားစာပေဆုရှင် ဦးမြင့်သိမ်း(တက္ကသိုလ်ကိုလတ်)က တင်သွင်းရာတွင် ယနေ့ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနားကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပြီး တစ်ခုအကြောင်းခံလျှင် တစ်ခုအကျိုးတရားဖြစ်လာရပါကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုကြီးပြိုကွဲမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုပြိုကွဲသည့်နေ့သည် လွတ်လပ်ရေး ဆုံးရှုံးသောနေ့ဖြစ်မည်ဆိုသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲစေရန်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ပဓာနအကြောင်းရင်းခံဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးခြင်းကြောင့် **စာမျက်နှာ ၁၁ ကော်လံ ၁**

မြိတ်မြို့မှ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် အမျိုးသားစာပေဆုရှင် ဦးမြင့်သိမ်း (တက္ကသိုလ်ကိုလတ်) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးမျိုးသန့်(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

မြိတ်မြို့မှ ရေလုပ်ငန်းရှင် ကျော်ကျော်ဖြိုး ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးသက်စိုး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)



မြိတ်မြို့မှ ရော်ဘာလုပ်ငန်းရှင် Pho La Min Trading Co., Ltd. ဒါရိုက်တာ ဦးဇော်ဇော်မိုး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးနှင့်အဖွဲ့ဝင်များသည် သစ်တောဇုန်အနီး မြက်ခင်းပြင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ ရက်သားအဆင့်ပျိုးပင်ပေါက်များ၊ ကိုင်းပျိုးပင်များနှင့် ကြက်ဆူဆီအဆင့်ဆင့်ထုတ်လုပ်ပုံများကို ကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် ကြက်ဆူပင်ကိုင်းပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးပေး

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီးဒေါ်ခင်ခင်ဝင်းတို့က သတ်မှတ်ထားသောနေရာအသီးသီးတို့၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်း ပြသထားသော ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ ရက်သားအဆင့် ပျိုးပင်ပေါက်များ၊ ကိုင်းပျိုးပင်များကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုး ပေးစဉ်။

(သတင်းစဉ်)

အလားတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့၏ ဇနီးများနှင့်အဖွဲ့ဝင်များကလည်း သတ်မှတ်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

အိမ်သုံးမီးဖိုနှင့် မီးစက်များကြည့်ရှု

ဆက်လက်၍ ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ကြက်ဆူဆီကိုအသုံးပြု၍ ထော်လာဂျီနှင့်အခြားယာဉ်များစမ်းသပ်မောင်းနှင်ပြသမှုများ၊ ကြက်ဆူဆီအသုံးပြု အိမ်သုံးမီးဖိုနှင့် မီးစက်များကိုကြည့်ရှုကြသည်။

ယင်းနောက် ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များမှ ကြက်ဆူပင်စိုက်ပျိုးနေမှုများနှင့် သစ်မျိုးစုံပျိုးဥယျာဉ်အတွင်း သစ်ပျိုးပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းရှိ Water Plaza ကို ကြည့်ရှုကြသည်။

မြို့တော်ရှုခင်းများကြည့်ရှု

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းရှိ ပုပ္ပားတောင်ပုံစံတူ မျှော်စင်ပေါ်မှ ကန်တော်ကြီးသဘာဝဥယျာဉ်ရှုခင်းနှင့် ရန်ကုန်မြို့တော်ရှုခင်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်အောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန်အချက်များအကြံပြုနှိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ် ထုတ်လုပ်ရန် ခြံစည်းရိုး ကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုး ကြက်ဆူပင်များအောင်မြင်ဖြစ်ထွန်းရန်လိုအပ်ပါသည်။

၁။ ခြံစည်းရိုး ကြက်ဆူပင်၏ ပင်စည်နှင့်အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ်ခေါင်နိမ့်မှုပြုပါက အပင်၏ ရှင်သန်မှုကိုထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သဖြင့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ် ခေါင်နိမ့်မှု ပြုသင့်ပါသည်။

၂။ ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားသော ခြံစည်းရိုး ကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်ပျိုးထုပ်များနှင့်စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ မြေတွင် တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။ပျိုးပေါင်၊ ပျိုးထုတ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။

၅။ မိုးနှောင်းကာလသည် စိုက်ပျိုးမြေများတွင် အစိုဓာတ် ဆုတ်ယုတ်မှုရှိသည့်အတွက် လုံလောက်သော အစိုဓာတ်မရှိပါက ရေလောင်းရန် လိုအပ်ပါသည်။

၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်း စိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။

၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။

၈။ ခြံစည်းရိုး ကြက်ဆူပင်များအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံး ဖြစ်ပါသည်။

၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်းအစိုဓာတ်မဆုတ်မီ စိုက်ပျိုးခြင်း၊ အလွယ်တကူ ရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

၁၀။ စိုက်ပျိုးမှုစနစ်များနှင့် ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရုံး၊ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

22-1 (06).p65 1 3/25/1905, 10:27 AM

အလိုတော်ပြည့်ဆရာတော်ကြီး၏ ခုနစ်ရက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်း အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၆ရက်မှ တပို့တွဲလဆန်း ၁၂ရက်အထိ (ဖေဖော်ဝါရီ၃ရက်မှ ၉ရက်အထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ပြည်တွင်းပြည်ပသာသနာပြု ဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့် ဆရာတော်ကြီးကိုယ်တိုင် သတိပဋ္ဌာန် အလုပ်ပေး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်လိုကြသော ရပ်ဝေးရပ်နီးမှ ယောဂီများအနေဖြင့် ဖေဖော်ဝါရီ၂ရက် ညနေ၅နာရီ နောက်ဆုံးထား၍ အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် ဖုန်း-၀၁-၅၄၅၃၃၇၊ ၅၄၈၈၆၁၊ ၀၉-၅၀၁၄၅၀၀တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

"နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းအားဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည့် မြန်မာ့ပညာရေးကို နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်အောင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့"

[ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား/ သင်တန်းသူများကို ဂုဏ်ပြုလျက်]

ရန်ကုန်မြို့တော်ရှုခင်းများကြည့်ရှု

ဇန်နဝါရီ၂၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ ပုပ္ပားတောင်ပုံစံတူမျှော်စင်ပေါ်မှ ကန်တော်ကြီးသဘာဝဥယျာဉ်ရှုခင်းနှင့် ရန်ကုန်မြို့တော်ရှုခင်းများကို ကြည့်ရှုကြစဉ်။

(သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ဇန်နဝါရီ၂၁ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ရန်ကုန်တိုင်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။**(သတင်း-ရွှေ့ဖုံး)**

(သတင်းစဉ်)

ကြက်ဆူပင်စိုက်ပျိုး

ဇန်နဝါရီ၂၁ ရက်က ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ရန်ကုန်တိုင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

ရေပို့ပိုက်မကြီး ကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်မည် ရပ်ကွက်အချို့ရေဖြန့်ဝေမှုခေတ္တရပ်ဆိုင်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှော်ကားရေလှောင်ကန်မှ မရမ်းကုန်းမြို့နယ်၊ ရေကူးရေတွန်းစက်ရုံသို့ ဆက်သွယ်ကာ ရန်ကုန်မြို့တော်သို့ ရေပေးဝေနေသည့် အချင်း ၆၆လက်မရှိရေပို့ပိုက်မကြီး ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ဆောင်ရွက်မည်ဖြစ်ရာ ယနေ့မှ ဇန်နဝါရီ ၂၃ရက်အထိ ရန်ကုန်မြောက်ပိုင်းခရိုင်တွင် မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တွင် မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ လှိုင်သာယာစက်မှုဇုန်၊ ဗဟန်းနှင့်ရန်ကင်းမြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ပုဇွန်တောင်နှင့် သာကေတမြို့နယ်တို့ရှိ ရပ်ကွက်အချို့ကို ရေဖြန့်ဝေမှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာနရေနှင့်သန့်ရှင်းမှုဌာနက ကြိုတင်အသိပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ပုလင်းရေလှောင်တမံ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say It In English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နေခြည်နွေးနွေး"** (အပိုင်း-၂၅)
၁၂:၂၀ ၅။ ကချင်ပြည်နယ်မိုးကောင်းတံတား
၁၂:၃၀ ၆။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"Doracmon "**
၁၂:၅၅ ၇။ မြန်မာဗီဒီယိုဇာတ်လမ်း **"တွယ်ရာမဲ့ ကွက်လပ်များ"** လူမင်း၊ဝိုင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-အာယု)
၁၄:၁၀ ၈။ အဆိုပြိုင်ပွဲ
၁၄:၂၀ ၉။ "သူငယ်ချင်းမရှိတဲ့ ဉပဒေ" မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၁၄:၃၀ ၁၀။ အကပြိုင်ပွဲ
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၀၀ ၅။ အတီးပြိုင်ပွဲ
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၃၀ ၇။ လောင်စာစွမ်းအင်အသုံးဝင် ခြံစည်းရိုးကြက်ဆူပင်(ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
၁၇:၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော် အပိုင်း(၁)
၁၈:၅၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူ သား"** (အပိုင်း-၄)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **"မိုးယံသို့ လွင့်ပျံစေမည့် ကေသရာဇာတို့၏အားမာန်"** (အပိုင်း-၂) **ညွန့်ဝင်း၊ရန်အောင်၊ ကျော်ရဲအောင်၊ လွင်မိုး၊ ရီဝေယံ၊ ခင်သန်းနု၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ ရတနာခင် (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၁၆)

ရှင်သာမဏေဓမ္မဗိမာန်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

(၁၈)ကြိမ်မြောက် မင်္ဂလာဗျူဟာသာမဏေကျော်စာမေးပွဲ အောင်မြင်တော်မူကြသည့် သာမဏေကျော်ဘွဲ့ရနှင့်စာအောင်သာမဏေများ၊ သီလရှင်များအားဘွဲ့လက်မှတ်နှင့်ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်တွင် ရှင်သာမဏေဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်သည်။အကြိုတရားပွဲများအဖြစ် ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁နာရီတွင် တိပိဋကယောဆရာတော်နှင့် ၃၁ရက်ညတွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ဖေဖော်ဝါရီ ၁ရက် ညတွင် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)၊ ၂ရက်ညတွင် အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များဟောကြားမည်ဟု သိရသည်။ **(က-ပ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်(စာအုပ်)ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

တိုးမြှင့်ချီးမြှင့်

ပခုက္ကူဦးအုံးဖေစာပေဆုကို ၁၉၉၁ခုနှစ်က ဦးအုံးဖေလှူဒါန်းသည့် ငွေကျပ်၇၆သိန်းဖြင့်မတည်ပြီး ရရှိသည့်အတိုးအရင်းများဖြင့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ကျမ်းစာနှင့် သုတေသနစာပေဆိုပြီး ဘာသာရပ်ငါးမျိုးအတွက် ပြိုင်ပွဲဆုများကို ၁၉၉၃ခုနှစ်ကစပြီးချီးမြှင့်လာခဲ့ရာ ယခုဆိုလျှင် ၁၃နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၎င်းအပြင် ၂၀၀၂ခုနှစ်တွင် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆု၊ မျိုးဆက်သစ်လူငယ်များအတွက် စာပေဝါသနာရှင်နှင့် စာပေပညာရှင်များ ပေါ်ထွန်းလာစေရန် တက္ကသိုလ်ဝင်တန်းမြန်မာစာထူးချွန်ဆု၊ ယဉ်ကျေးမှု တက္ကသိုလ်အနုပညာထူးချွန်ဆုနှင့် ပညာရေးဝန်ကြီးဌာနကကြီးကြပ်ရွေးချယ်ပေးသည့် ဘာသာရပ်ဆိုင်ရာထူးချွန်ဆုများကိုပါတိုးမြှင့်ပြီး ဆုများချီးမြှင့်ခဲ့ကြောင်း။

ထို့ကြောင့် ယနေ့ဆုချီးမြှင့်ပွဲအခမ်းအနားသည် စာပေဆုများနှင့်အတူ ယဉ်ကျေးမှုဆု၊ ပညာရည်ချွန်ဆုများအပြင် စာကြည့်တိုက်စာအုပ်ဆုများလည်း ပါဝင်မှာဖြစ်ကြောင်း၊ ဆုရရှိသူများအနေဖြင့် စာပေမျိုးဆက်သစ်များတိုးပွားလာသည်သာမက တိုင်းပြည်နှင့်လူမျိုးအတွက်အကျိုးပြုစာပေများ တိုးပွားလာအောင် စွမ်းဆောင်ပေးမည့်သူများအဖြစ်လည်း ပေါ်ထွန်းလာကြမှာဖြစ်သည့် အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

အားသွန်ခွန်စိုက်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ယနေ့ မိမိတို့၏ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်မှလည်း စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာတွင် စာတတ်၊ ပေတတ်၊ ပညာတတ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် နယ်ပယ်ကဏ္ဍအသီးသီးမှာ အခွင့်အလမ်းများဖော်ဆောင်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ယခုစေတနာရှင်ဦးအုံးဖေ၏ဆောင်ရွက်ချက်များသည်လည်း အစိတ်အပိုင်းတစ်ခု၊ ကဏ္ဍတစ်ရပ်တွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်ဟု နိုင်ငံတော်အနေဖြင့် ခံယူထားကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ နိုင်ငံတော်အဆင့်အနေဖြင့် ဤအခမ်းအနားကိုတက်ရောက်ပြီး ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း။

မိမိတို့မြန်မာ့သမိုင်းတွင် မြန်မာစာပေ၏ အရှိန်အဝါသည် အလွန်ကြီးမားကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်မှာ ပြည်သူများ မျိုးချစ်စိတ်ထက်သန်အောင်၊ ရဲရင့်အောင်၊ စည်းလုံးညီညွတ်အောင်လွတ်လပ်ရေးကိုအသက်သွေးချွေးနှင့်လဲပြီး ရယူချင်အောင်အသိပညာပေးသည့်အပိုင်း၊ လို့ဆောင်သည့်အပိုင်းများမှာ အလွန်အစွမ်းထက်သည့် လက်နက်သဖွယ်ဖြစ်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းမှာလည်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်၊မိမိတို့၏ အချုပ်အခြာအာဏာကို အထိပါး မခံလိုသည့်စိတ်များ ပြည်သူများ၏ရင်ထဲနှလုံးထဲမှာ အစဉ်စွဲမြဲ ကိန်းအောင်းနေအောင် စာပေသမားများက မိမိတို့တတ်ကျွမ်းသည့်စာပေဖြင့် တစ်တပ်တစ်အား စွမ်းဆောင်နိုင်ခဲ့ကြကြောင်း။

ယနေ့ အချိန်အခါတွင် အနောက်နိုင်ငံကြီးအချို့သည် မိမိတို့နိုင်ငံကို သူတို့အလိုကျ လက်အောက်ခံနိုင်ငံတစ်နိုင်ငံဖြစ်အောင် ပြည်ပြေးသစ္စာဖောက် သူလျှိုဒလန်များနှင့်ပေါင်းပြီး မီဒီယာအမျိုးမျိုးကိုအသုံးချကာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး၌ ပြောင်ပြောင်တင်းတင်းဝင်ရောက်စွက်ဖက်လုပ်ဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းအန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးဝါဒကိုပြည်သူအားလုံးခိုင်ခိုင်မာမာ လက်ခံယုံကြည်နေအောင် မျိုးဆက်သစ်စာပေသမားများကမိမိတို့၏ စာပေစွမ်းအားဖြင့်ဆက်လက်ပြီးတာဝန်ယူသွားကြရမှာဖြစ်ကြောင်း။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် (စာအုပ်)ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင် ပခုက္ကူ ဦးအုံးဖေနှင့် ဆုရသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ၂၀၀၅ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုတွင် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ မောင်စိုးထိုက်(သုံးဆယ်)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၅ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုတွင် ကဗျာပေါင်းချုပ် ဒုတိယဆုရ ရွှေမြိုင်မောင်ဖူးဝါအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ၂၀၀၅ ခုနှစ် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာပေ ပထမဆုရ ရန်ကင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ရန်ကုန်)မှ မဆွေလီထက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ အလွန်လိုအပ်နေသည့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်သော အသိပညာရှင်အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာအောင် စာပေနှင့်ပညာရေးကဏ္ဍကပိုင်းဝန်းစွမ်းဆောင်

ပညာပေးစည်းရုံးဆောင်ရွက်

တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံကို သားစဉ်မြေးဆက်တိုင်ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင် နိုင်ငံတော်၌ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့်ကာကွယ်ရေးစွမ်းအားများတောင့်တင်းခိုင်မာနေစေရန်အတွက် ကျရာအခန်းကဏ္ဍကပြည်သူများ လှိုက်လှိုက်လှဲလှဲနှင့်လက်တွဲပူးပေါင်းပါဝင်လာအောင်စာပေစွမ်းအားဖြင့်ပညာပေးစည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်သူအများလိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ်အသွင်ကူးပြောင်းရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာအောင် အမျိုးသား

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက်(စာအုပ်)ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင် ပခုက္ကူဦးအုံးဖေနှင့် ဆုရသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ညီလာခံကို ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် အလွှာအသီးသီးက တိုင်းရင်းသားကိုယ်စားလှယ် လူမျိုးပေါင်းစုံပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းတိုင်ပင်ဆွေးနွေးလျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးအောင်မြင်ရေးအတွက် ပြည်နယ်၊တိုင်းအသီးသီးမှာ တိုင်းရင်းသားအားလုံးက သောင်းသောင်းဖြဖြနှင့်ဂုဏ်ပြုထောက်ခံလျက်ရှိနေကြောင်း၊ စာပေဝါသနာရှင်နှင့်စာပေပညာရှင်များအပိုင်းကလည်း မိမိတို့ ချစ်ခင်မြတ်နိုးသည့် စာပေဖြင့် တစ်တပ်တစ်အားပါဝင်စည်းရုံးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကြိုးစားအားထုတ်

စာပေလုပ်ငန်းသည် နေ့စဉ်နှင့်အမျှ ပြည်သူလူထုအတွင်းရင်းနှီးစိမ့်ဝင်နေခြင်းဖြစ်၍ ပြည်သူ့အကျိုးပြုစာပေများ၊ ရသစာပေများနှင့် စာကောင်းပေမွန်များ များများပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပြည်သူများဗဟုသုတရရန်၊ ပြည်သူများအတွေးအခေါ်အယူအဆ အသိအမြင်များမှန်ရန် အသိမှန်မှအလုပ်လည်းမှန်မှာဖြစ်သည့်အတွက်မိမိတို့ကိုယ်တိုင်အတွေးအခေါ်အယူအဆ အသိအမြင်မှန်ရန် ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ရန်အတွက် ကြိုးစားအားထုတ်ရန်လည်းတိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်လိုသည့်စိတ်၊ ပြည်ထောင်စုကြီးကို ချစ်ခင်မြတ်နိုးသည့်စိတ်၊ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်လိုသည့် စိတ်ဓာတ်များ၊ ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့နေအောင် ပြည်သူ့အကျိုးပြုစာပေများ များများ ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။

နိုင်ငံတော်၌ အလွန်လိုအပ်နေသည့် တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်သော အသိပညာရှင်၊ အတတ်ပညာရှင်စသည့် လူ့စွမ်းအား အရင်းအမြစ်များ များများပေါ်ထွန်းလာအောင် စာပေအနေနှင့်ရော၊ ပညာရေးကဏ္ဍ အနေနှင့်ပါ ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါ။

တစ်တပ်တစ်အားပါဝင်ဆောင်ရွက်

ပြည်သူအများ လိုလားတောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် မိမိတို့ တတ်ကျွမ်းသည့် စာပေကဏ္ဍမှ တစ်တပ်တစ်အားပါဝင် ဆောင်ရွက်ပေးကြပါ။

ပခုက္ကူ ဦးအုံးဖေ စာပေဆုများနှင့် ပညာရေးထူးချွန်ဆုများကို လာမည့်နှစ်များမှာလည်း ဆက်လက်ရွေးချယ်ပေးအပ်သည့်အခါ စေတနာရှင် ဦးအုံးဖေ ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးနိုင်ရန်အတွက် ကျန်းကျန်းမာမာရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

တစ်သက်တာစာပေဆုချီးမြှင့်

ထို့နောက် ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆုများချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါ်သိန်းဆိုင်(မမြတ်လေး)အား ဆုချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ ခုနှစ် အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆုတွင် ကဗျာပေါင်းချုပ် ပထမဆုရ 'အမေ့အလှ ပန်းအလှ'ရေးသားသူ သန်းအောင်(အညာမြေ)၊ ဒုတိယဆုရ 'နှင်းခွဲမီး'ရေးသားသူ ရွှေမြိုင်မောင်ဖူးဝါ၊ တတိယဆုရ 'ပွင့်တူရွက်တူ'ရေးသားသူ မောင်အုန်းသောင်း(မကွေး)နှင့် ဝတ္ထုရှည် ဒုတိယဆုရ 'နွယ်ပန်းခွာညိုပွင့်ဝေလိုပြာသိုဆောင်းလလယ်'ရေးသားသူ သိန်းသန်းဝင်း (မလှိုင်)နှင့် တတိယဆုရ 'တူနိုင်မယ်မထင်ကြနဲ့ ကိုးဆယ်ဆက္ကာလိမ့်မယ်' ရေးသားသူ ပုသိမ် အောင်သန်းဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ 'မွေးမေကို ဘယ်လိုပြောရမယ်နှင့် အခြားဝတ္ထုတိုများ' ရေးသားသူ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ တတိယဆုရ'ဘဝပုံရိပ် အတိတ်ပန်းချီဝတ္ထုတိုများ'ရေးသားသူ မောင်စိုးထိုက်(သုံးဆယ်)၊ ကျမ်းစာပေ ပထမဆုရ 'မြန်မာရိုးရာယဉ်ကျေးမှုဆိုင်း တူရိယာများ'ရေးသားသူ တင်ထွန်းဦး(ယဉ်ကျေးမှု)နှင့် ဒုတိယဆုရ 'အညာကျေးက ပညာရေးခရီးသည်'ရေးသားသူတင်မြင့်တို့အားလည်းကောင်း၊ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ကျမ်းစာပေ တတိယဆုရ 'တောင်စွန်းဧရာရောင်စုံဖြာနှင့်အခြားဆောင်းပါးများ' ရေးသားသူ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၊ သုတေသနစာပေ ပထမဆုရ 'အိုးစာ'ရေးသားသူ ထန်လှိုင်နှင့် ဒုတိယဆုရ 'အညာကျေးလက်စာပေ ဥယျာဉ်စာသဘင်' ရေးသားသူ နီငြိမ်း(အညာတက္ကသိုလ်)တို့အားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြည်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက သုတေသနစာပေ တတိယဆုရ 'အထက်အညာရွာက မြန်မာ့စဉ့်လုပ်ငန်း'ရေးသားသူ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက်(စာအုပ်)ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အလှူရှင် ပခုက္ကူဦးအုံးဖေနှင့် ဆုရသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်(စာအုပ်) ဆုရရှိသူများကိုယ်စား ဆရာမကြီး ဒေါ်သိန်းဆိုင်(မမြတ်လေး) ကျေးဇူးတင် စကားပြောကြားစဉ်။ (သတင်းစဉ်)

အလှူရှင် ပခုက္ကူ ဦးအုံးဖေ ကိုယ်စား ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေ ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

အလှူရှင် ပခုက္ကူ ဦးအုံးဖေ ကိုယ်စား ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေ ၂၀၀၅ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက် (စာအုပ်ဆု)ရ ချစ်စံဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထိန်းသိမ်းကြစို့ ထာဝစဉ် ပိုလီယိုကင်းတဲ့ မြန်ပြည်တစ်ခွင်

မြန်မာနိုင်ငံဟာ ပိုလီယိုအကြောသေရောဂါဆိုးကြီးကို အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ပြီးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပိုလီယို အကြောသေရောဂါဆိုးကြီးကို ကမ္ဘာ့မြေပေါ်မှ အပြီးအပိုင် မောင်းထုတ်ဖို့ အတွက် ၁၉၈၈ခုနှစ်မှာ ကျင်းပခဲ့တဲ့ World Health Assembly မှ စတင် ဆုံးဖြတ်၍ ဆွေးနွေးပေးခဲ့ရာ **"ပိုလီယိုကင်းစင်၊ ကမ္ဘာတစ်ခွင်၊ သက္ကရာဇ် ၂၀၀၀ တွင်"**ဟူသော ဆောင်ပုဒ်နှင့်အညီ ရည်မှန်းချက် ပန်းတိုင်ထားပြီး ဆောင်ရွက်စေခဲ့ပါတယ်။ ဒီလိုရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ဆောင်ရွက် နိုင်ခဲ့တာမို့ ပိုလီယိုရောဂါပပျောက်ရေးရဲ့ အဓိကကျတဲ့ နည်းဗျူဟာ (၄)ရပ် စလုံးကို မြန်မာနိုင်ငံမှာ တစ်ပြိုင်နက်တည်း ထိထိရောက်ရောက် အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့မှာ ပိုလီယိုရောဂါဆိုးကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင် မောင်းထုတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ပိုလီယိုအကြောသေရောဂါဟာ ပိုလီယိုဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်စေတဲ့ ခြေ၊ လက်စတဲ့ ကိုယ်အင်္ဂါကို အကြောသေစေသော ရောဂါတစ်မျိုးဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်မှာ အမျိုးအစား အမှတ် (၁) (၂) (၃) ဆိုပြီး သုံးမျိုးရှိပါတယ်။ ပိုလီယို အကြောသေရောဂါ ပပျောက်ဖို့ဆိုရင် ဒီဗိုင်းရပ်စ်ပိုး သုံးမျိုးစလုံးကို ကမ္ဘာမြေပေါ်မှ အပြီးတိုင် အမြစ်ပြုတ်အောင်တိုက်ဖျက်ဖို့ လိုပါတယ်။ ပိုလီယိုအကြောသေရောဂါ ဖြစ်စေတဲ့ ပိုလီယိုဗိုင်းရပ်စ်အရိုင်းပိုးဟာ လူရဲ့ခန္ဓာ ကိုယ်ထဲကို မသန့်ရှင်းသော လက်၊ မသန့်ရှင်းသော အစားအစာ စသည်တို့မှ တစ်ဆင့် ပါးစပ်ထဲသို့ ရောက်ရှိကာ လူရဲ့အူထဲမှာ ပွားများလာခြင်းဖြင့် ရောဂါဖြစ်စေပါတယ်။ ရောဂါဖြစ်ပွားစမှာ အဖျားအနည်းငယ်ရှိခြင်း၊ မောပန်း နွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ ဇက်ကြောတက်ခြင်းနှင့် ခြေလက် နာကျင် ကိုက်ခဲခြင်း စသည့် လက္ခဏာများ ပြတတ်ပါတယ်။

လူရဲ့အာရုံကြောအဖွဲ့အစည်းကို ဝင်ရောက်ပြီး ခြေ၊လက်အကြောသေခြင်း ဖြစ်တတ်ပါတယ်။ အချို့မှာတော့ မူလဖျားနာခြင်း လက္ခဏာနဲ့ပဲ ပျောက်သွား တတ်တာလဲ ရှိပါတယ်။ ရောဂါပိုးဝင်သူ ၂၀၀မှာ တစ်ယောက်နှုန်းခန့် ခြေ၊ လက်မသန်မစွမ်း အကြောသေရောဂါဖြစ်ပွားတတ်ပြီး ရာသက်ပန် လူစဉ်မမီတဲ့ ဘဝရောက်တတ်တဲ့ ရောဂါဆိုးဖြစ်ပါတယ်။ ပိုလီယိုရောဂါဟာ အထူးသဖြင့် အသက်သုံးနှစ်အောက် ကလေးတွေမှာ အဖြစ်များလေ့ရှိပြီး တစ်ခါဖြစ်ပွားပြီးရင် ပျောက်အောင် ကုသလို့မရနိုင်ပါ။ ကာကွယ်ရန်သာ ဆေးရှိပါတယ်။ ဒီလို ကာကွယ်နိုင်တဲ့ ဆေးဟာလဲ ပိုလီယို အရိုင်းပိုးကို အာနိသင်လျော့ပါးအောင် ပြုပြင်ထားတဲ့ **"ပိုလီယိုအယဉ်ပိုးအရှင်မှ ပြုလုပ်ထားတဲ့ ပိုလီယိုကာကွယ်ဆေး"**ပဲ ဖြစ်ပါတယ်။ ဒီကာကွယ်ဆေး နှစ်စက်ကို တစ်လခြားပြီး သုံးကြိမ်တိုက် ကျွေးခြင်းကို ကလေးရဲ့အသက် တစ်နှစ်မပြည့်ခင်မှာ တိတိကျကျ ဆောင်ရွက် နိုင်ခဲ့ရင် ကာကွယ်နိုင်ပါပြီ။ ဒီလိုကာကွယ်လို့ရတဲ့ ပိုလီယိုကာကွယ်ဆေးရဲ့ အစွမ်းနဲ့ပဲ ပိုလီယိုအကြောသေရောဂါကို ၎င်းရဲ့ကူးစက်မှု သံသရာမှ ဖြတ်တောက်ပြီး **"ပိုလီယိုကင်းစင်တဲ့ ကမ္ဘာ"**ဘဝရောက်စေမှာ ဖြစ်ပါတယ်။

ကမ္ဘာမြေပေါ်မှ ပိုလီယိုရောဂါဆိုးကြီးအား အပြီးတိုင်မောင်းထုတ်နိုင်ရန် အတွက် နည်းဗျူဟာ(၄)ရပ်ကို ၁၉၈၈ခုနှစ်မှ စတင်ကျင့်သုံး အကောင်အထည် ဖော်ခဲ့ရာ ၁၁နှစ်အကြာ ၁၉၉၉ခုနှစ်မှာ ဒီရောဂါကြောင့် ဖြစ်ပွားသေဆုံးမှုကို ၉၀ရာခိုင်နှုန်းအထိ ကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၀၄ခုနှစ်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားတဲ့ ဒေသကြီးခြောက်ခုအနက် သုံးခုမှာ အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ပါတယ်။

ပိုလီယိုဗိုင်းရပ်စ်ပိုး အမျိုးအစားသုံးခုအနက် Type II အမျိုးအစားမှာ ကမ္ဘာပေါ်မှာ လုံးဝကင်းစင် အမြစ်ပြတ်တိုက်ထုတ်နိုင်ခဲ့ပါတယ်။ အချို့သော ပုံမှန်ကာကွယ်ဆေးတိုက်မှု၏ လွှမ်းခြုံမှုရာခိုင်နှုန်းနည်းတဲ့ နိုင်ငံများမှာ ကာကွယ်ဆေး ဗိုင်းရပ်စ်ပိုးအမျိုးအစားမှတစ်ဆင့် ပိုလီယိုရောဂါကို ပြန်လည် ဖြစ်ပွားနိုင်မှုရှိကြောင်း တွေ့ရှိခဲ့ရလို့ ပိုမိုကောင်းမွန်တဲ့ ပိုလီယိုကာကွယ်ဆေး အမျိုးအစားကို အသုံးပြု၍ ချေမှုန်းရပြန်ပါတယ်။

တစ်ဖန် ၂၀၀၄ ခုနှစ် ကုန်ပိုင်းမှာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ခန့်အထိ ပိုလီယို လုံးဝကင်းစင်ပြီလို့ သတ်မှတ်ခံရတဲ့နိုင်ငံများမှာ ဆက်လက်ဆောင်ရွက် နေရတဲ့ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများရဲ့ ဆောင်ရွက်မှုအားနည်းချက် ကြောင့် ပိုလီယိုအရိုင်းပိုး ကူးစက်မှုရှိနေတဲ့ နိုင်ငံများမှတစ်ဆင့် တစ်ကျော့ပြန် ဝင်ရောက်ကူးစက်ခြင်းကို နိုင်ငံပေါင်း ၁၄နိုင်ငံမှာ ဖြစ်ပွားခဲ့ပါတယ်။ အရှေ့တောင် အာရှဇုန်မှာ ပါဝင်တဲ့နိုင်ငံများမှာလဲ နီပေါနိုင်ငံဟာ အိန္ဒိယနိုင်ငံမှ တစ်ဆင့် အရိုင်းပိုးတစ်ကျော့ပြန်ဝင်ရောက်ခြင်းနဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ၂၀၀၅ခု နှစ်ဆန်းပိုင်းမှာ အရှေ့အလယ်ပိုင်းဒေသမှ ယီမင်နိုင်ငံမှတစ်ဆင့် တစ်ကျော့ပြန် ကူးစက်လာပြီး အချိန်မီ လက်ဦးမှုမရရှိတဲ့အတွက် ပိုလီယိုအရိုင်းပိုး ကူးစက်မှု လျင်မြန်စွာ ပြန်လည်ပျံ့နှံ့လာလို့ ပိုလီယိုအရိုင်းပိုးတွေ့လူနာ ၂၃၀ခန့်အထိ ပြန်လည် ပျံ့နှံ့ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်မှာ ပိုလီယိုအရိုင်းပိုး ပြတ်တောက်ခဲ့ကြောင်း အသိအမှတ်ပြု ခံခဲ့ရပါတယ်။ သို့သော် ပိုလီယိုအရိုင်းပိုး ဆက်လက်ပျံ့နှံ့ နေဆဲဖြစ်တဲ့ တစ်ဖက်နိုင်ငံမှ တစ်ကျော့ပြန်လည်ဝင်ရောက်မှုကို ကာကွယ်ရန် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့မှာ နှစ်နှစ်ဆက်တိုက် နှစ်နိုင်ငံနယ်စပ်မြို့များမှာ ဆောင်ရွက်နိုင်ခဲ့ပြီး ပုံမှန်ကာကွယ်ဆေးတိုက်ခြင်းကိုလဲ အထူးအလေးထားပြီး လွှမ်းခြုံမှု ကောင်းမွန် အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါတယ်။

ယခုနှစ်မှာတော့ တနင်္သာရီတိုင်း မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်မှ ခြောက်မြို့နယ်မှာ အဓိကထား ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။

ဒါကြောင့် တနင်္သာရီတိုင်းရဲ့ ရောဂါဝင်ရောက်မှု အန္တရာယ်ရှိနေတဲ့ မြို့နယ် ခြောက်မြို့နယ်မှာ ယခု ဇန်နဝါရီလမှာ ပထမအကြိမ်နှင့် ဖေဖော်ဝါရီလမှာ ဒုတိယအကြိမ်အဖြစ် ငါးနှစ်အောက် ကလေးပေါင်း ကိုးသောင်းကျော်ကို ရာခိုင်နှုန်းပြည့် လွှမ်းခြုံမှုရရှိအောင် တိုက်ကျွေးရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပိုလီယိုအကြောသေရောဂါ လုံးဝအမြစ်ပြတ် ပပျောက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် ထပ်မံ မွေးဖွားလာတဲ့ အသက် တစ်နှစ်အောက် ကလေးငယ်များကို ပုံမှန် ပိုလီယိုကာကွယ်ဆေး သုံးကြိမ် တိုက်ကျွေးမှုရဲ့ လွှမ်းခြုံမှု ၉၀ရာခိုင်နှုန်းနဲ့အထက် အမြဲရရှိရန် လိုအပ်ပါတယ်။

ဒေါက်တာ သန်းထိန်ဝင်း

ဒီလိုအောင်မြင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုး ပေးရန် လိုအပ်ပါတယ်။ ဒုတိယအရေးကြီးတဲ့ နည်းဗျူဟာအနေနဲ့ ပိုလီယို ပပျောက်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့၊ အရိုင်းပိုးဝင်ရောက်မှုကို အချိန်မီ သိရှိနိုင်ဖို့နဲ့ စနစ်တကျအရေးယူဆောင်ရွက်နိုင်ဖို့အတွက် ရောဂါထောက်လှမ်းရေး လုပ်ငန်းများဟာ အဓိကကျပါတယ်။ ဒါကြောင့် ပိုလီယိုရောဂါနဲ့ ဆင်တူတဲ့ အသက်၁၅နှစ်အောက် လက်တလော ပျော့ခွေ အကြောသေလူနာများတွေ့ရင် သက်ဆိုင်ရာကျန်းမာရေးဌာနကို အချိန်မီ အကြောင်းကြားပေးဖို့ဟာလဲ အလွန်အရေးကြီးလှပါတယ်။ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြဖို့ လိုအပ်ပါတယ်။

ပိုလီယိုအကြောသေရောဂါကို လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်တဲ့ နည်းဗျူဟာ(၄)ရပ် ရှိပါတယ်။ ၎င်းတို့ကတော့ (၁) ပုံမှန်ပိုလီယို ကာကွယ် ဆေးတိုက်ကျွေးခြင်း၊ (၂)အမျိုးသားကာကွယ်ဆေး တိုက်နေ့များ ကျင်းပခြင်း၊ (၃)လတ်တလောပျော့ခွေ အကြောသေရောဂါ မျက်ခြည်မပြတ်လေ့လာစူးစမ်း ခြင်းနဲ့ (၄) အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းတို့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၌ ပိုလီယို အကြောသေရောဂါ ပပျောက်သွားတဲ့ အခြေအနေကို ဆက်လက်ထိန်းသိမ်း နိုင်ဖို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒါမှလဲ နိုင်ငံတော်က ချမှတ်ထားတဲ့ လူမှုရေးဦးတည်ချက် လေးရပ်အနက် တစ်ခုဖြစ်တဲ့ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး" ဟူသော ဦးတည်ချက်ကို ဖော်ဆောင်နိုင်မှာဖြစ်သလို မြန်မာနိုင်ငံရဲ့ ပိုလီယို ကင်းစင်သော သာယာလှပတဲ့ အခြေအနေကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရာရောက်မှာဖြစ်။

ပထမနည်းဗျူဟာဖြစ်တဲ့ ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးခြင်းကတော့ ကလေးငယ်တစ်ဦးကို အသက်တစ်လခွဲမှစပြီး ပထမအကြိမ် စတိုက်ပါတယ်။ တစ်ကြိမ်နှင့်တစ်ကြိမ် အနည်းဆုံးလေးပတ်၊ သို့မဟုတ် တစ်လခြားပြီး တိုက်တာ ဖြစ်ပါတယ်။ ဒုတိယနှင့် တတိယအကြိမ်အထိ သုံးကြိမ်ဆက်တိုက် တိုက် ကျွေးခြင်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို မြန်မာနိုင်ငံမှာ ၁၉၈၇ခုနှစ်ကတည်းက စပြီးလုပ်ဆောင်လာခဲ့တာ ခုဆို ၁၇နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနည်းဗျူဟာ တစ်ခုတည်းနဲ့ ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်အောင် ဆောင်ရွက်ရာမှာ မလုံလောက်ပါဘူး။ မြန်မာနိုင်ငံမှာ ပုံမှန်ကာကွယ်ဆေးတိုက် လုပ်ငန်းကို တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ဆောင်ရွက်နိုင်ပြီ ဖြစ်ပေမယ့် အကြောင်း ကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေး မတိုက်လိုက်ရတဲ့ ကလေးတွေဟာ ၁၀ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းခန့် အမြဲကျန်နေတတ်တာကြောင့် ဖြစ်ပါတယ်။

ဒုတိယနည်းဗျူဟာအဖြစ် **"အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်ခြင်း"** ဖြစ်ပါတယ်။ ဒီနည်းဗျူဟာမှာ ပိုလီယိုကာကွယ်ဆေးကို အပိုဆောင်း နှစ်ကြိမ်တိုက်ကျွေးခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ငါးနှစ်အောက် ကလေးပေါင်း ၆ဒသမ၂သန်းခန့်ကို နယ်စပ်ဒေသတွေနဲ့ ဝေးလံခေါင်ခဲ့တဲ့ မြို့နယ်များပါမကျန်၊ တစ်ယောက်မကျန် တိုက်ကျွေးရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်က ပိုလီယိုကာကွယ်ဆေး အကြိမ်မည်မျှ တိုက်ပြီးခြင်းကို လုံးဝထည့်သွင်း မစဉ်းစားဘဲ အဲဒီနေ့မှာ သေချာပေါက် တိုက်ဖြစ်အောင် တိုက်ကျွေးခြင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၆ခုနှစ်မှစတင်ပြီး ကျင်းပ ဆောင်ရွက်ခဲ့တာ အဌမနှစ် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ကာလအထိ ရှစ်နှစ်တိုင် ဆောင်ရွက်ခဲ့ပြီးပါပြီ။ နှစ်စဉ်ငါးနှစ်အောက် ကလေးများရဲ့ ၉၅ရာခိုင်နှုန်းနဲ့ အထက်ကို လွှမ်းခြုံတိုက်ကျွေးနိုင်ခဲ့ပါတယ်။

အထက်ပါ နည်းဗျူဟာနှစ်ခုကို ဆောင်ရွက်ခြင်းဖြင့် ပိုလီယိုအကြော သေရောဂါဖြစ်ပွားမှု ပြတ်တောက်သောအဆင့်သို့ ရောက်မရောက် သိရှိနိုင်ဖို့ အတွက် တတိယနည်းဗျူဟာဖြစ်တဲ့ လတ်တလောပျော့ခွေ အကြောသေ ရောဂါစု မျက်ခြည်မပြတ် စောင့်ကြည့်ထောက်လှမ်းခြင်း နည်းဗျူဟာကို ကျင့်သုံးရပါတယ်။ ဒီနည်းဗျူဟာကတော့ ကာကွယ်ဆေးတိုက်ကျွေးမှုတွေရဲ့ အမှန်တကယ် ထိရောက်မှုရှိ၊မရှိကို စနစ်တကျ တိုင်းတာပေးမယ့် နည်းစနစ် ဖြစ်တာမို့ ယနေ့တိုင် ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်ပါတယ်။

နောက်ဆုံးနည်းဗျူဟာဖြစ်တဲ့ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ၁၉၉၉ခုနှစ်မှစပြီး ၂၀၀၃ခုနှစ်အထိ ခြောက်ကြိမ်တိုင်တိုင် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တာမို့ ပိုလီယို ကင်းစင်တဲ့ မြန်မာနိုင်ငံအဖြစ် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့မှာ ကြေညာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပိုလီယိုကာကွယ်ဆေးကို လာမယ့် ဇန်နဝါရီလ ၂၂ရက် (ယနေ့)တွင် ပထမအကြိမ် တိုက်ကျွေးပြီး ဖေဖော်ဝါရီလ ၂၆ ရက် တနင်္ဂနွေနေ့မှာ ဒုတိယ အကြိမ် ထပ်မံတိုက်ကျွေးမှာ ဖြစ်တဲ့အတွက် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များမှာ ဆောင်ရွက်မယ့် တနင်္သာရီတိုင်း မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်မှ ခြောက်မြို့နယ်တွင်ရှိသော အသက်ငါးနှစ်အောက် ကလေးပေါင်း သုံးသိန်းကျော်အား အာနိသင်ပြည့်ဝတဲ့ ပိုလီယိုကာကွယ်ဆေး တွေကို တစ်ယောက်မကျန် တိုက်ကျွေးနိုင်ဖို့ အရေးကြီးပါတယ်။ ဒီနေရာမှာ ယခင့် ယခင်က အကြောင်းကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေး ဆေးလုံးဝ မတိုက်လိုက်ရဖြစ်နေသော ကလေးတွေကို ဖော်ထုတ်တိုက်ကျွေးဖို့နဲ့ ကာကွယ် ဆေးလုံးဝမရသော ကလေးများဆီသို့ ပိုလီယိုကာကွယ်ဆေး အရောက် တိုက်ကျွေးနိုင်ရေးနည်းလမ်းကို အကောင်အထည်ဖော်ဖို့ အလွန်ပဲ အရေးကြီး ကြောင်းကို ကာကွယ်ဆေးတိုက်စုရပ်များမှာ ဆေးတိုက်ဖို့ တာဝန်ချထားခဲ့ရမယ့် ကျန်းမာရေးဝန်ထမ်းများနဲ့ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများကို အဓိကထားပြီး ပြောကြားလိုပါတယ်။ ဒီနှစ်မှာ ယခင်နှစ်တွေကလို အမျိုးသား ကာကွယ်ဆေးတိုက်ရက်မှာ စုရပ်မှာ တစ်ရက်ထဲနဲ့၊ လူစာရင်းကို ကြည့်ပြီး စောင့်တိုက်ရုံသက်သက်မဟုတ်ဘဲ ညနေစောင်းအထိဖွင့်ပြီး တိုက်ဖြစ်အောင် တိုက်ဖို့နဲ့ မိမိမှာရှိသော လက်ဝယ်စာရင်းတွင် ကျန်ရှိနေသေးသော ကလေး များအား သက်ဆိုင်ရာကျေးရွာ/ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများနှင့် လူမှုရေးအဖွဲ့များမှ စေတနာ့ဝန်ထမ်းများရဲ့ အကူအညီကိုရယူပြီး ဒုတိယနေ့မှာ အိမ်တိုင်ရာရောက် သွားရောက်တိုက်ကျွေးဖို့နဲ့ ဒုတိယနေ့မှာ ထပ်မံကျန်နေသေးလျှင်လဲ တတိယနေ့မှာ ထပ်မံ၍ အိမ်တိုင်ရာရောက် တိုက်ကျွေးဖို့ကို အလေးအနက်ထားပြီး ဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါ တယ်။ ဒါမှသာ မိမိရပ်ကွက်၊ ကျေးရွာမှာ ပိုလီယိုကာကွယ်ဆေး လုံးဝ မတိုက်ရသေးသော ငါးနှစ်အောက်ကလေးများကို လုံးဝမကျန်စေဘဲ ပိုလီယို ရောဂါရဲ့ ခုခံအားဟာ ကလေးတိုင်းမှာ အပြည့်ရှိနေပြီး ပြင်ပမှဝင်လာတဲ့ ရောဂါပိုးဟာ အလိုအလျောက် သေသွားမှာဖြစ်ပါတယ်။

ပိုလီယိုပပျောက်ရေးကို မြန်မာနိုင်ငံမှာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လို့ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ရောက်ရှိခဲ့ပေမယ့် ဆက်လက် ထိန်းသိမ်းသွားဖို့ အတွက် အဓိကနဲ့ အနှစ်သာရ အကျဆုံးကတော့ မိမိတို့ရဲ့ ရင်သွေးငယ်တွေကို အသက်တစ်လခွဲမှာ ပထမအကြိမ်၊ အသက်နှစ်လခွဲမှာ ဒုတိယအကြိမ်နဲ့ အသက်သုံးလခွဲမှာ တတိယအကြိမ်၊ ပိုလီယိုရောဂါ ကာကွယ်ဆေးကို တိုက်ဖြစ်အောင် တိုက်ကြဖို့ပါပဲ။ **မြန်မာနိုင်ငံ၌ ပိုလီယို အကြောသေရောဂါ ပပျောက်သွားတဲ့ အခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒါမှလဲ နိုင်ငံတော်က ချမှတ်ထားတဲ့ လူမှုရေးဦးတည်ချက် လေးရပ်အနက် တစ်ခုဖြစ်တဲ့ "တစ်မျိုး သားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသော ဦးတည်ချက်ကို ဖော်ဆောင်နိုင်မှာဖြစ်သလို မြန်မာနိုင်ငံရဲ့ ပိုလီယိုကင်းစင်သော သာယာလှပတဲ့ အခြေအနေကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရာရောက်မှာ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။** ။



သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား
"တတိယနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ"
၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) (ပထမအကြိမ်)
၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)
(တနင်္သာရီတိုင်းမှ မြို့နယ် ခြောက်မြို့နယ်)
အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး)
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့



တနသ်ာရီတိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်သီတာအုန်း အမျိုးသားညီလာခံအား ကြိုဆိုထောက် ခံ ခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

တနသ်ာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက် ရေး ကြီးကြပ် ရေး အဖွဲ့ အဖွဲ့ဝင် ဒေါ်နီလာအေးအမျိုးသား ညီလာခံအား ကြိုဆိုထောက် ခံ ခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၅ မှ

ယနေ့ပြည်ထောင်စုသားသွေးချင်းများအားလုံး တစ်စိတ်တစ်ဝမ်းတည်း အေးအတူပူအမျှ အတူတကွ လက်တွဲ စည်းလုံးညီညွတ်စွာ နေထိုင်ကြရေးသည်သာ အရေးကြီးကြောင်း ဤနေရာကနေ မိမိ လေးလေးနက်နက် တင်ပြလိုပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်

၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းတွင်ရှိသော အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားကို အားပြုပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိဖြစ်ထွန်းနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သောရုပ်အခြေခံကုန်ထုတ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို အစိုးရနှင့်ပြည်သူလက်တွဲပြီး အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲ

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် မိမိနိုင်ငံအရေး မိမိတို့ကိုယ်တိုင်မျှော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နေသော အချိန်အခါဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှသာစည်းကမ်းပြည့်ဝသော မှန်ကန်သည့်ဒီမိုကရေစီစနစ် ဖြစ်ထွန်းနိုင်မည်ဖြစ်သကဲ့သို့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းနေမှလည်းနိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီးအခွန့်ရှည်ခိုင်မြဲစေရန်နှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန်အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် ကောင်းမြတ်ခိုင်ခံ့ပြီး အရှည်တည်တံ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအကောင်အထည်ဖော်နေသော အမျိုးသားညီလာခံကြီး၏ လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်များ၊ တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များအပေါ် နှောင့်ယှက်ဖျက်ဆီးရန်ကြံရွယ်နေသည့် အဖျက်သမားမှန်သမျှကိုလည်း ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီကာကွယ်တိုက်ဖျက်သွားကြပါစို့ဟု လေးလေးနက်နက် တိုက်တွန်းကြောင်းဖြင့် အဆိုပြုတင်သွင်းသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မြိတ်မြို့မှ ရေလုပ်ငန်းရှင် ကျော်ကျော်ဖြိုးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်စိုးက ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေတည်ငြိမ်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းမွန်မှုအပေါ်တွင် မူတည်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြီးပွားချမ်းသာရေးတို့သည် ယင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက မည်မျှကောင်းမွန်သည့်အခြေခံဥပဒေကို မည်သည့်အတိုင်းအတာအထိ ကျင့်သုံးနိုင်သည်ဆိုသည့် အချက်များအပေါ်တွင် မူတည်လေ့ရှိကြပါကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်ပင်ဖြစ်ပါကြောင်း၊ အသက်သွေးကြောဟူ၍လည်း ဆိုနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံဥပဒေမရှိလျှင် နိုင်ငံတစ်နိုင်ငံသည် ကြာရှည်စွာ ရပ်တည်နိုင်ဖွယ်မရှိပါကြောင်း၊ အခြေခံဥပဒေသည် နိုင်ငံကိုအုပ်ချုပ်သည့် အစိုးရအား ထိန်းကျောင်းပေးသကဲ့သို့ အစိုးရမဟုတ်သည့် အင်အားစုကိုလည်း ထိန်းကျောင်းပေးပါကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့၏ အခြေခံဥပဒေများတွင် သက်ဆိုင်ရာနိုင်ငံ၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သမိုင်းကြောင်းအစဉ်အလာ၊ ပထဝီအနေအထား၊ နိုင်ငံရေး၊ စီးပွားရေးအနေအထားများ စသည်တို့နှင့် လိုက်လျောညီထွေရှိသည့် ဖွဲ့စည်းပုံကို ပြုစုရေးဆွဲလေ့ရှိကြပါကြောင်း။

ရှာသစ်တည်၍ ပြည်သစ်ဆောက်ခဲ့

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်မတိုင်မီက အခြေခံဥပဒေနှစ်မျိုးကို ကျင့်သုံးရေးဆွဲခဲ့ပြီးဖြစ်သော်လည်း ယင်းဥပဒေနှစ်ရပ်စလုံးသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် နောက်ပိုင်းတွင် ပျက်ပြယ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တစ်နည်းပြောရလျှင် နိုင်ငံတော်အစိုးရက တာဝန်ယူရသော ကာလတွင် အခြေခံဥပဒေမရှိဘဲ နိုင်ငံတော်အစိုးရက ရှာသစ်တည်၍ ပြည်သစ်ဆောက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၄၀ ကာလအတွင်း နိုင်ငံတော်တွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုများ လျော့ကျသွားခဲ့ခြင်းကိုလည်း ပြန်လည်ဆယ်တင်ပေးရသည့် ကာလလည်းဖြစ်ခဲ့ပါကြောင်း။

မိမိတို့ နိုင်ငံတော်အစိုးရသည် အနာဂတ်နိုင်ငံတော်အတွက် အဓိကအရေးကြီးဆုံး လိုအပ်ချက်ဖြစ်သော အခြေခံဥပဒေသစ်ကိုပြဋ္ဌာန်းရန် လိုအပ်လာပြီးဖြစ်၍ အခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး ရေးဆွဲအကောင်အထည်ဖော်ပေးနေပြီဖြစ်ပါကြောင်း။

မရှိမဖြစ်လိုအပ်

ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံပါဝင်သော ကိုယ်စားလှယ်များက ယင်းအခြေခံဥပဒေသစ် ရေးဆွဲနေခြင်းဖြစ်၍ နိုင်ငံသူ နိုင်ငံသားအားလုံးက အပြည့်အဝ ယုံကြည်ပြီးသားဖြစ်ပါကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင် ဦးမြင့်သိမ်းတင်သွင်းသွားသော **“အမျိုးသား ညီလာခံကြိုဆိုထောက်ခံခြင်းအဆို”** အား တက်ရောက်လာသော ပြည်သူလူထုကြီးကိုယ်စား လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

တစ်စထက်တစ်စအကောင်အထည်ဖော်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သီတာအုန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် တိုင်းပြည်တစ်ပြည်(လူ့အဖွဲ့အစည်းတစ်ခု) စနစ်သစ်တစ်ခုကို တည်ဆောက်ရာတွင် မိမိတို့ စိတ်အလိုဆန္ဒရှိတိုင်း လုပ်ဆောင်၍မရနိုင်ပါကြောင်း၊ အတိတ်က မိမိတို့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း၊ စီးပွားရေးစနစ်ဟောင်းများ၏ ကန့်သတ်ချက်များ၊ အနှောင်အဖွဲ့များကို အရင်းတည်ပြီး တဖြည်းဖြည်း တစ်စတစ်စဖြင့်သာ အကောင်အထည်ဖော်သွားရလေ့ရှိကြောင်းကို ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားကဆိုထားပါကြောင်း။

ယနေ့ မြန်မာနိုင်ငံတော်အစိုးရက ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် လိုအပ်လျက်ရှိသော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအကောင်အထည်ဖော်ပေးနေပါကြောင်း၊ ဤကဲ့သို့ အကောင်အထည်ဖော်သည့်နေရာတွင် အလောတကြီး အဆောတလျင် အမြန်အကောင်အထည်ဖော်၍ မရနိုင်ပါကြောင်း၊ ကိုယ့်နိုင်ငံ၏သမိုင်းကြောင်းများ၊ မျက်မှောက်ကာလ လူ့ဘောင်အဖွဲ့အစည်း၏ ဒိဋ္ဌဓမ္မတည်ရှိနေမှုများ၊ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများ တည်မြဲနိုင်ရေးအတွက် လိုအပ်သော ရုပ်အခြေခံကုန်ထုတ်စွမ်းအားစုများ အနေအထားနှင့် အမှန်တကယ်လိုအပ်မည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများအားလုံးကို လေ့လာသုံးသပ်ပြီး အားနည်းချက်၊ အားသာချက်များ ဆန်းစစ်ကာ နိုင်ငံနှင့် နိုင်ငံသားအားလုံးအတွက် လိုလားတောင့်တနေသော စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရန် တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး အမျိုးသားညီလာခံကြီး ကျင်းပနေသကဲ့သို့ ယင်းညီလာခံကြီးက အနာဂတ်နိုင်ငံတော်သစ် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများကို ချမှတ်နေခြင်းကြောင့် အဆိုရှင် ဦးမြင့်သိမ်း တင်သွင်းသွားသော **“အမျိုးသားညီလာခံကြိုဆိုထောက်ခံခြင်း”**အဆိုကို ပြည်သူလူထုကြီးကိုယ်စား လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

တစ်မျိုးသားလုံး၏ ဘုံရန်သူ

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မြိတ်မြို့မှ ရော်ဘာလုပ်ငန်းရှင် Pho La Min Trading Co.,Ltd. ဒါရိုက်တာ ဦးဇော်ဇော်မိုးက ထောက်ခံဆွေးနွေးတင်ပြရာတွင် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံအဝန်းရှိ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးမည့် အမျိုးသားညီလာခံကြီး ဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကြီးအား ဆန့်ကျင်၊ ကန့်ကွက်ဖျက်ဆီးသူများသည် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ဖျက်ဆီးရာရောက်ခြင်းကြောင့် တစ်မျိုးသားလုံး၏ ဘုံရန်သူအဖြစ် သတ်မှတ်ခြင်းခံကြရမည် ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကြီးက အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူပြည်သားများအတွက် ခိုင်မာသော နိုင်ငံသားများ အခွင့်အရေး အပြည့်အဝပေးမည်ဖြစ်သောကြောင့် ယင်းညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန် အလွန်ပင်အရေးကြီးပါကြောင်း၊ အမှန်စင်စစ် ယင်းညီလာခံကြီးသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား နေထိုင်လာနိုင်ရန် ဖော်ဆောင်ပေးနေခြင်းဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံတော်အတွက် အသင့်တော်ဆုံးသော အခြေခံဥပဒေထွက်ပေါ်လာမည့် အမျိုးသားညီလာခံကြီးလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်မှန်သောအမျိုးသားညီလာခံကြီးအောင်မြင်ရေး အတွက် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲပြီး ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု ထောက်ခံဆွေးနွေးတင်ပြသည်။

အလွန်ကျဉ်းမြောင်းသည့်အမြင်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်နီလာအေးက ထောက်ခံဆွေးနွေးတင်ပြရာတွင် ကျင်းပပြုလုပ်နေသည့် ညီလာခံကြီးကို ဤလူမပါ၍၊ ဤအဖွဲ့ မပါ၍ တရားမဝင်ဘူးဟု ပြောကြသည်များလည်း ရှိနေပါသေးကြောင်း၊ ထို့အပြင် သုံးဦး မျက်နှာချင်းဆိုင်ဆွေးနွေးလိုကြောင်း ဆိုသည်များကိုလည်း ကြားနေရပါကြောင်း၊ ယင်းကဲ့သို့ ပြောကြ၊ ဆိုကြခြင်းသည် အလွန်ကျဉ်းမြောင်းသည့် အမြင်များဖြင့် ပြောနေခြင်းဖြစ်ပါကြောင်း၊ အားလုံးသဘောတူထားသည့် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၁၀၈၆ ဦး တက်ရောက်ပြီး ဆွေးနွေးတိုင်ပင် ညှိနှိုင်းသည်ထက် ပိုကောင်းတာ ရှိနိုင်မည်မဟုတ်ကြောင်း။

တစ်ခဲနက် ကြွေးကြော်

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကို တက်ရောက်နေကြသော ကိုယ်စားလှယ်များကို ကြည့်လိုက်လျှင်လည်း ပြည်နယ်၊ တိုင်းအသီးသီးမှ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်များ၊နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာအဖြာဖြာတို့တွင် အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များ၊ ဒေသအတွင်း ပညာတတ်ပြီး ယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များက ကိုယ်စားပြုပြီး တက်ရောက်ဆွေးနွေးနေကြခြင်း ဖြစ်ပါကြောင်း။

အမှန်ကန်ဆုံး၊အမွန်မြတ်ဆုံး

မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ပကတိအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတို့နှင့် ဆက်စပ်ပြီး ယထာဘူတကျကျ တွေးခေါ်ရှုမြင်ကာ မိမိနိုင်ငံတော်နှင့် မိမိလူမျိုးအကျိုးအတွက် ယခုကဲ့သို့ အမှန်ကန်ဆုံး၊ အမွန်မြတ်ဆုံး၊ တန်ဖိုးအရှိဆုံးသော အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ယင်းအမျိုးသားညီလာခံကြီးအား ဖော်ဆောင်ပေးနေသော နိုင်ငံတော်အစိုးရနှင့် ညီလာခံကိုယ်စားလှယ်များအားလုံးကိုလည်း ပြည်သူလူထုကြီးကိုယ်စား ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် အဆိုရှင် ဦးမြင့်သိမ်း တင်သွင်းသွားသော ***စာမျက်နှာ ၁၃ ကော်လံ ၃***

ကပြဖျော်ဖြေ

၂၀၀၆ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဧည့်သည်တော်များအား နာဂတိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၆ခုနှစ် နာဂ ရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၆ ခုနှစ် နာဂ ရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဇန်နဝါရီ၁၅ရက်နံနက်ပိုင်းက စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့၌ကျင်းပသည်။ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခန္တီး၊ လဟယ်၊ လေရှီးမြို့နယ်များမှ နာဂတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် သဘာပတိအဖြစ် နာဂတိုင်းရင်းသား ဦးကျနော က ဆောင်ရွက်သည်။ အစီအစဉ်အရ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။ ဆက်လက်၍ အခမ်းအနားသဘာပတိ ဦးကျနောက အဖွင့်အမှာစကား ပြောကြားသည်။ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အမှာစကား ပြောကြားကြသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကို နာဂတိုင်းရင်းသူ ဒေါ်ဝေါင်လိုင်းရှီးက ရှင်းလင်းတင်ပြသည်။ ထို့နောက် နာဂတိုင်းရင်းသား အကြီးအကဲ ဦးကီးရှီးမှူးနှင့် နာဂတိုင်းရင်းသားများက တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား နှစ်သစ်ကူး လက်ဆောင်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နာဂတောင်တန်းဒေသဖွံ့ဖြိုးရေးနှင့် နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများပေးအပ်လှူဒါန်းပွဲပြုလုပ်ရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရုပ်မြင်သံကြားနှင့် ဂြိုဟ်တုစလောင်း၊ မြဝတီထပ်ဆင့်လွှင့်စက်၊ မြို့နယ်များ ရေရရှိရေးအတွက် လှူဒါန်းငွေ၊ ကွန်ပျူတာ၊ မိတ္တူကူးစက်၊ ကက်ဆက်၊ လျှပ်စစ်လေရဟတ်၊ ဆား၊ ငါးခြောက်၊ အဝတ်အထည်၊ စောင်၊ စိုက်ပျိုးရေးအတွက် ကုန်းမြင့်(၂)စပါးမျိုး၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ၊ လက်ဖက်ပျိုးပင်များ၊ ပေါက်ပြားများ၊ အားကစားပစ္စည်းများကိုပေးအပ်လှူဒါန်းရာ မြို့နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ ပေးပို့လှူဒါန်းသော ကွန်ပျူတာ နှစ်စုံ၊ ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းနှင့် ပေါက်ပြားများကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကိုယ်စား အားကစားဝန်ကြီးဌာန ဝန်ကြီးက ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဝန်ကြီးဌာနအသီးသီးမှ ပေးအပ်လှူဒါန်းသည့်ပစ္စည်းများကို ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။ အစီအစဉ်အရ နာဂတောင်တန်းဒေသ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒိုင်းမွန်း ပဲလေ့ကုမ္ပဏီ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် သိန်း၅၀ ကို တိုင်းမှူးက လက်ခံသည်။

ထို့နောက် နာဂတိုင်းရင်းသား အကြီးအကဲ ဦးလုထွန်းက ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များအား ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံပြီး နာဂတိုင်းရင်းသားရိုးရာအကအဖွဲ့က ရိုးရာအကဖြင့် ကပြဖျော်ဖြေကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ၂၀၀၆ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ကျင်းပသည့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသားဘော်လီဘောပြိုင်ပွဲ ရွှေပြည်အေး(က)အသင်းနှင့် တိုတိုင်လုံရွာ အသင်းတို့၏ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ တိုင်းမှူးက ဆုရရှိသည့် ဘော်လီဘော အမျိုးသား၊ အမျိုးသမီးအသင်းများ၊ ပိုက်ကျော်ခြင်းအသင်းများကို ဆုချီးမြှင့်ပေးအပ်ပြီး ဝန်ကြီးက လွန်ဆွဲပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဆုရအသင်းများကို ဆုချီးမြှင့်ပေးအပ်၍ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အခြားအားကစားပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများအား ဆုများ အသီးသီးချီးမြှင့် ပေးအပ်ကြသည်။ အားကစားပြိုင်ပွဲများအတွက် ဆုငွေနှင့် အားကစားအင်္ကျီ၊ အားကစားဖိနပ်များ ချီးမြှင့်ပေးအပ်သည်။

ဖျော်ဖြေ

၂၀၀၆ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်၏ ရိုးရာယဉ်ကျေးမှုမီးပုံပွဲကို ညပိုင်းတွင်ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များ၊ နာဂတိုင်းရင်းသားများ၊ နာဂရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။ အစီအစဉ်အရ ရိုးရာယဉ်ကျေးမှု မီးပုံပွဲကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မီးကွင်းအား မီးညှိပြီး ဖွင့်လှစ်ပေးသည်။ ထို့နောက် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ကပြဖျော်ဖြေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် သဘာပတိ နာဂတိုင်းရင်းသား ဦးကျနော အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပုံညာတောင်ဥမင်လုပ်ငန်းအပိုင်းအလိုက် တွင်ကျယ်မြန်ဆန်အောင် ကြိုးပမ်း သတ်မှတ်ကာလအတွင်း လမ်းပိုင်းဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းက ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း ပုံညာတောင်ဥမင်ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်သွင်က ပုံညာတောင်ဥမင် ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ အမိုးခုံးပိုင်း၊ ဘေးနံရံနှင့် ကြမ်းခင်းပိုင်းများ မြေတူးခြင်း၊ ကွန်ကရစ်လောင်းခြင်း ပြီးစီးမှုအခြေအနေ၊ ဥမင်အရှေ့ဘက်နှင့် အနောက်ဘက် ချဉ်းကပ်ရထားလမ်းနှင့် တံတားများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးက လုပ်ငန်းတွင်ကျယ်စေရေးအတွက် အစီအမံများကို ဖြည့်စွက်တင်ပြသည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပုံညာတောင် ဥမင်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

တက်ညီလက်ညီကြိုးပမ်း

ဝန်ကြီးက တင်ပြချက်များအပေါ် မှာကြားရာ၌ လုပ်ငန်းအပိုင်းအလိုက် တွင်ကျယ်မြန်ဆန်အောင် ကြိုးပမ်းပြီး သတ်မှတ်ကာလအတွင်း လမ်းပိုင်းဖွင့်လှစ်နိုင်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ ဥမင်အတွင်း လေစီးလေလာ ကောင်းမွန်မှုနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှု ဂရုပြုရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာ ရည်မှန်းချက် တာဝန်ပြီးမြောက်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေးတို့မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်အရှေ့ဘက်ခြမ်း ချဉ်းကပ် ရထားလမ်းတစ်လျှောက်ရှိ ချိန်းအမှတ်၆၆၉၀ မုန်တိုင်ချောင်းဖြတ် ဥမင်တံတား တည်ဆောက်မှုကိုလည်းကောင်း၊ ချိန်းအမှတ် ၁၁၆၄၀၌ ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ချိန်းအမှတ် ၁၂၈၄၀၌ ပခုက္ကူ-ဂန့်ဂေါ ကားလမ်းဖြတ်ခုံးကျော်တံတားကိုလည်းကောင်း၊ ဆက်လက်၍ ပုံညာတောင်ဥမင်၏ အရှေ့ဘက်မှ ဝင်ရောက်၍ ဥမင်အတွင်း အမိုးခုံးပိုင်း ဆောင်ရွက်ပြီးစီးမှု၊ ဘေးနံရံနှင့် ကြမ်းခင်းပိုင်း မြေသားတူးခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်၏အနောက်ဘက်ခြမ်း ချဉ်းကပ်ရထားလမ်းတစ်လျှောက် ယန္တရားများဖြင့် မြေသားလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကမ်းယိုင်ချောင်းတံတားနေရာကိုလည်းကောင်း၊ ဖူးပေါက်ချောင်း ဥမင်တံတား တည်ဆောက်ခြင်းကိုလည်းကောင်း၊ မြေပြတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ ပေ ၂၅၀အရှည် ချစ်ဆုံချောင်း ဥမင်တံတားတည်ဆောက်မှုကို လည်းကောင်း၊ ဝံခေါင်းချောင်း ဥမင်တံတားတည်ဆောက်မှုကိုလည်းကောင်း၊ ၁၃၃ပေအရှည် ဆတ်ပုတ်ချောင်း ဥမင်တံတား တည်ဆောက်မှုကိုလည်းကောင်း၊ ၁၉၅ပေအရှည် မျက်မြောင်ချောင်း ဥမင်တံတား တည်ဆောက်မှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

လိုအပ်သည်များဖြည့်ဆည်းပေး

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ၁၅ရက် မွန်းလွဲပိုင်းတွင် မန္တလေး၊ မြစ်ကြီးနားရထားလမ်း၏ အောက်မှဖြတ်သန်းမည့် ရတနာပုံမြစ်ကူးတံတား (ဧရာဝတီ)အရှေ့ဘက်ကမ်း ချဉ်းကပ်လမ်း ဥမင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ခင်ဦးမောင်နှင့် ပခုက္ကူဦးအုံးဖေ စာပေယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရ မဝါဝါအေးကျော် ဒုတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် မချစ်ပုံ့ပုံ့ ပထမနှစ်(ဂီတ) ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)တို့အား လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရ မိုးညှင်းဒီဂရီကောလိပ်မှ မြန်မာစာအဓိကကျောင်းသူမဆုဇာနည်ဇော်၊ ရတနာပုံတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မသင်းသင်းဆွေ၊ မိတ္ထီလာတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မဇာဇာလှိုင်နှင့်ဒဂုံတက္ကသိုလ်မှ မြန်မာစာအဓိကကျောင်းသူ မသီသီအောင်တို့အား လည်းကောင်း အသီးသီးဆုများပေးအပ် ချီးမြှင့်ကြသည်။

ဆုများပေးအပ်ချီးမြှင့်

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာပထမဆုရ ရန်ကင်းပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ရန်ကုန်မှ မဆွေလီထက်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မနွေဦးမွန်၊ တတိယဆုရ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မသိမ့်ဝေဖြိုးနှင့်အင်္ဂလိပ်စာ ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇင်ဦးမောင်တို့အားလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု အင်္ဂလိပ်စာ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇေယျာလင်း၊ တတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မစုဇာလှိုင်၊ သင်္ချာပထမဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၄)အခြေခံ ပညာအထက်တန်းကျောင်းမှ မသဲမိုမိုမြင့်ဦးနှင့် ဒုတိယဆုရ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မကေသီလွင်တို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ပခုက္ကူ ဦးအုံးဖေပညာရည်ချွန်ဆု သင်္ချာတတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မခင်သင်းစု၊ ဓာတုဗေဒ ပထမဆုရ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဖြိုးဖြိုးမေ၊ ရူပဗေဒ ပထမဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ မစန္ဒာချိုနှင့် ဇီဝဗေဒ ပထမဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ကိုကိုတို့အားလည်းကောင်း အသီးသီးဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု သမိုင်းပထမဆုရ ဧရာဝတီတိုင်း ရွှေမြင်တင် အခြေခံပညာအထက်တန်းကျောင်းမှ မောင်သက်အောင်ငြိမ်း၊ ဘောဂဗေဒ ပထမဆုရ ပဲခူးတိုင်း ပဲခူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်ထူးလွင်နှင့် စိတ်ကြိုက်မြန်မာစာ ပထမဆုရ ဧရာဝတီတိုင်းမှ ပြင်ပဖြေဆိုသူမောင်စိုးကျော်သူတို့အားလည်းကောင်း အလှူရှင်ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူဦးအုံးဖေစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ပခုက္ကူဦးအုံးဖေစာကြည့်တိုက်(စာအုပ်ဆု)ရ 'မြန်မာ့မြို့ဟောင်းတကောင်းရုပ်ပုံလွှာ' ရေးသားသူ ချစ်စံဝင်းနှင့် 'မြိုင်မြို့နယ်ဖွားစာဆိုများ' ရေးသားသူ ဒေါက်တာသက်လွင်တို့အားလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူဦးအုံးဖေစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား ၂၀၀၅ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု တစ်သက်တာစာပေဆုရ ဆရာမကြီး ဒေါ်သိန်းဆိုင်(မမြတ်လေး)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်ပခုက္ကူဦးအုံးဖေတို့သည် ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပဲခူးတိုင်း မင်းလှမြို့ ဈေးချိုတန်းနေ ဒေါ်ဝေလှ မိသားစုက ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံစဉ်။ (က–ပ)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်

လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးတက်ဖြစ်ထွန်းလာ

မြန်မာနိုင်ငံသည် ရေမြေသဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ ထုတ်ယူသုံးစွဲမကုန်သည့် ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ပြီး လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်လျက် ရှိသကဲ့သို့ ကုန်းတွင်းဒေသနှင့် ကမ်းလွန်ဒေသများမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကိုလည်း ထုတ်ယူ၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်လျက်ရှိသည်။

ထုတ်လုပ်ဖြန့်ဖြူး

နိုင်ငံအတွက် နေ့စဉ်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ ၄၀ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၆၀ ရာခိုင်နှုန်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ယင်းသို့ ဖြန့်ဖြူးပေးလျက်ရှိရာတွင် ရေအားသုံးလျှပ်စစ်ဓာတ်အားများကို အခြေခံစွမ်းအင်အဖြစ် သုံးစွဲပြီး သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားများကို အကူစွမ်းအင်အဖြစ် အသုံးပြုလျက်ရှိသည်။

သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့ သုံးစွဲမှု သက်သာစေရန်အတွက် သဘာဝဓာတ်ငွေ့မှ စွန့်ပစ်သည့် အပူရှိန်ကို အသုံးပြု၍လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများတွင် တွဲဖက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သဘာဝမြေသယံဇာတမှ ထွက်ရှိသည့် ကျောက်မီးသွေး တွင်းထွက်လောင်စာများကို အသုံးပြုပြီး တီကျစ်ဒေသတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပေးထားသည်။

ဖြည့်ဆည်းပေးလျက်ရှိ

မဟာဓာတ်အားလိုင်း စနစ်မှ အလှမ်းကွာဝေးသော ဒေသများနှင့် နယ်စပ်ဒေသများတွင် အသေးစား၊ အလတ်စား၊အကြီးစား ဒီဇယ်လျှပ်စစ်ဓာတ်အားပေး စက်ရုံများကို တည်ဆောက်ပေးထားသည်။ ယခုအခါ တိုးတက်သုံးစွဲလာသော လျှပ်စစ်ဓာတ်အားကို ထောက်ကူပေးနိုင်ရန်အတွက် လေအားလျှပ်စစ် စွန့်ပစ်လောင်စာသုံး လျှပ်စစ်ဇီဝလောင်စာသုံး လျှပ်စစ်နှင့် ဇီဝဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေး စက်ငယ်များကို ဒေသအနှံ့တွင် တွင်ကျယ်စွာ အသုံးပြုကြကာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းလျက်ရှိသည်။

တပ်မတော်အစိုးရ လက်ထက်တွင် လျှပ်စစ်စွမ်းအား ရရှိရေးအတွက် ကဏ္ဍအသီးသီးမှ ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသအနှံ့တွင် တည်ဆောက်ပေးထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးတက်ဖြစ်ထွန်းလာမှုကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

သဘာဝမြေသယံဇာတမှ ထွက်ရှိသည့် ကျောက်မီးသွေး တွင်းထွက် လောင်စာများကို အသုံးပြုပြီး တည်ဆောက်ထားသော ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



တိုးတက်တည်ဆောက်ပေးထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ

စဉ်	စက်ရုံအမျိုးအစား	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ	၈	၁၁	၃
၂	စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ	–	၄	၄
၃	ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ	၃	၃	အထူးပြောင်းလဲတိုးမြှင့်
၄	ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ	–	၁	၁
၅	ဒီဇယ်ဆီသုံးဓာတ်အားပေးစက်ရုံ	၆၂၁	၉၄၄	၃၂၃

စာမျက်နှာ ၁၁ မှ

"အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း"အဆိုကို လေးလေး နက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

အမြဲတမ်းတည်ဆောက်ပေး

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးဗိုလ်ကြီးမျိုးသန့်(အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံဦးတည်ချက် (၆)ရပ်ထဲတွင်"အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး" ဟူသော အချက်ပါရှိပါကြောင်း၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့် ပတ်သက်ပြီး တပ်မတော်က ပါဝင်ထမ်းဆောင်သင့်သည်မှာ မှန်ကန်သင့်မြတ်လှပါကြောင်း၊ မြန်မာ့သမိုင်းကြောင်းအစဉ်အလာကို ပြန်ကြည့်လျှင် တွေ့မြင်နိုင်ပါကြောင်း၊ အမျိုးသားတပ်မတော်သည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု စွမ်းရည်သုံးရပ် ပြည့်စုံမှုလည်းရှိပြီး အခြေခံအရည်အချင်း ငါးပါးပြည့်ဝစေရန်လည်း ထာဝစဉ် ကြိုးပမ်းနေထိုင်လျက်ရှိပါကြောင်း၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးရေးနှင့် စိတ်ဓာတ်တည်းဟူသော တပ်မတော် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ကျင့်သုံး၍ နေထိုင်လျက်ရှိပါကြောင်း၊ မည်သည့်အခက်အခဲ အကျပ်အတည်းဖြင့် ကြုံတွေ့ရစေကာမူ နိုင်ငံနှင့်ပြည်သူအတွက် မားမားမတ်မတ် ရပ်တည်ပေးခဲ့ပြီး မြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်လုံးတွင်လည်း တပ်မတော်သာလျှင် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားရေးတာဝန်ကို အမြဲတမ်းတည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင် နိုင်ငံတော်အား ထိန်းသိမ်းနိုင်စွမ်းရှိသော တစ်ခုတည်းသော အင်အားစုကြီးမှာ အမျိုးသားတပ်မတော်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်အားတောင့်တင်းပြီး အမျိုးသားအင်အားစုကြီးတစ်ရပ်ဖြစ်သော မျိုးချစ်တပ်မတော်သာလျှင် အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ အမှန်တကယ် ဦးဆောင်သင့်သည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ခြင်းကြောင့် အဆိုရှင် ဦးမြင့်သိမ်းတင်သွင်းသွားသော အနာဂတ်မြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့် ပတ်သက်ပြီး ထည့်သွင်းရေးဆွဲနေသော ဦးတည်ချက်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရဟန်းဒါယကာကြီး ဦးတင်မြင့်ဦး–ရဟန်းမယ်တော်ကြီး ဒေါ်စောကြည်၊ သားဖြိုးဇော်ဟိန်း၊ ဖြိုးညီညီဟိန်း (ကြည်ကြည်သစ်စက်)မိသားစုက ပထမအကြိမ် အလှူငွေကျပ်၁၅သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးလှမြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အား ယနေ့တက်ရောက်လာကြသည့် ပြည်သူလူထုတစ်ရပ်လုံး၏ကိုယ်စား လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ယင်းနောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

တစ်ခဲနက်ကြွေးကြော်

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် တနင်္သာရီတိုင်း မြိတ်မြို့၌ကျင်းပသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ဒုတိယနေ့အဖြစ် ဇန်နဝါရီ၂၀ရက် နံနက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

ဒုတိယနေ့ အစီအစဉ်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် Ranbaxy တို့ ပူးပေါင်း၍ ကလေးများတွင် တွေ့ရသော ခုခံအားကျဆင်းမှုကူးစက်ရောဂါ (HIV/AIDS) ကုသမှုဆိုင်ရာ ဆေးပညာ နှီးနှောဖလှယ်ပွဲကို နံနက်၁၀နာရီခွဲက ကျင်းပရာ ရှေးဦးစွာ သဘာပတိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါဌာန ဌာနမှူး Professor Mr. Rai Mraက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ် Faculty of Medicine Department of Medicine and Allergy Section Head of Clinical Immunology မှ မန်နေဂျင်းဒါရိုက်တာဒေါက်တာ Prakong Vithayasai နှင့် ရန်ကုန်ဆေးတက္ကသိုလ်(၂)ကလေးဆေးပညာဌာန တွဲဖက်ပါမောက္ခဒေါက်တာ ခင်ငြိမ်းလှိုင်တို့က ကလေးများတွင်တွေ့ရသော ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV/AIDS) ကုသမှုဆိုင်ရာနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။

(သတင်းစဉ်)

Lorenzo ဆိုဖာအရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

Natray Co., Ltd. ၏ Lorenzo (လော်ရင်ဇို) ဆိုဖာ ၂၀၀၆ ဒီဇိုင်းအသစ်များအရောင်းပြခန်းဖွင့်ပွဲကို ဇန်နဝါရီ၁၄ရက် နံနက်၁၀နာရီခွဲက အမှတ်၂၂ ကိုးမိုင် ပြည်လမ်း ရန်ကုန်မြို့တွင်ကျင်းပရာ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် Natray Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** Lorenzo အရောင်းပြခန်းဖွင့်ပွဲအမှတ်တရအဖြစ် ဇန်နဝါရီ၂၂ရက်အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)



အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇန်နဝါရီ ၂၁

ယနေ့မြန်မာစံတော်ချိန် ၁၀နာရီ ၃၈မိနစ် ၁၄စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၂၅မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၃သမ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေးဒရဲမြို့နယ်အသင်းနှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ဒေးဒရဲမြို့နယ်အသင်း နှစ်ပတ်လည်စုံညီ အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ဒေးဒရဲမြို့နယ်အသင်းဓမ္မာရုံ ၅၇ အာဇာနည်လမ်း ဗဟန်းမြို့နယ်၌ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံး၊ အသင်းမဝင်ရသေးသော ဒေးဒရဲသူ ဒေးဒရဲမြို့နယ်သားများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲတွင် ပူဇော်ကန်တော့ခံရန်အတွက် အသက်၈၀ပြည့်ပြီးသော အသင်းဝင်များနှင့် အသင်းဝင်မိသားစုများသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သာမန်အဆင့်ဖြင့်လည်းကောင်း၊ ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ခဲ့သော သားသမီးများသည် အမှတ်စာရင်းမိတ္တူဖြင့်လည်းကောင်း ဇန်နဝါရီ၂၇ရက် နောက်ဆုံးထား၍ ဦးစိုးသိန်း ဖုန်း-၀၉-၅၁၃၆၇၉၈၊ ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃နှင့် ဦးဇော်လွင် ဖုန်း-၀၉-၈၀၃၁၇၄၈တို့သို့ စာရင်းပေးပို့ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ၂၄ရက်ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် ဓမ္မရောင်ခြည်ဦးဓမ္မာရုံ၊ ၂၆ရက်ည၌ သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယဓမ္မာရုံ၊ ၂၇ရက်ညတွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းရပ်ကွက် ပန်းလှိုင်အရဏ်တော်ဝတ်အသင်းဓမ္မာရုံ၊ ၂၈ရက်၊ ၂၉ရက်နှင့် ၃၀ရက်ညများတွင် ဒေါပုံမြို့နယ် ဇေယျာသီရိ ၅လမ်း၊ ၃၁ရက်ညတွင် ဗဟန်းမြို့နယ် ဆရာစံမြောက်/အရှေ့ ဈေးဟောင်းလမ်းနိဗ္ဗာန်ဆော်ဆွမ်းလောင်းအသင်း၊ ဖေဖော်ဝါရီ ၁ရက်နှင့်၂ရက်ညများတွင် သုံးခွမြို့နယ် အလင်းကုန်းကျေးရွာတို့၌ ဓမ္မခရီး ကြွရောက်ဟောကြားတော်မူမည်ဟုသိရသည်။ **(က-ပ)**

ကုမ္ပဏီလိပ်စာပြောင်းခြင်း

ကျွန်တော်များ Ayeyarwaddy Group Co., Ltd. ကို ယခင် ဗိုလ်မင်းခေါင်လမ်းနှင့် ကန်တော်ကလေးလမ်းထောင့် တိရစ္ဆာန်ဥယျာဉ်ရှေ့ မင်္ဂလာတောင်ညွန့်မြို့နယ် (Suzuki Show Room) အပေါ်ထပ်မှ ၁၆-၁-၂၀၀၆ရက်တွင် အမှတ် ၇၉၀၊ အခန်းအမှတ် ၄၀၂၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့် ဓနသီဟစင်တာ၊ လမ်းမတော်မြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါ၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၂၁၀၆၇၄
- ၂၁၀၆၇၀၊ ၂၁၁၆၇၆၊ ၂၁၂၉၇၅၊ ၂၁၂၉၇၆၊ ၂၁၂၉၇၈၊ ၂၂၇၂၄၃၊ ၂၂၇၆၅၀၊ ၂၂၃၂၈၈၊ ၂၂၈၁၉၇၊ ၂၂၈၃၉၁ (လိုင်းခွဲ-၄၀၂)

Air Bagan Limited ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကလေကြောင်းလိုင်း တစ်ခုဖြစ်သည့် Air Bagan Limitedတွင် အားဖြည့်အသုံးပြုမည့် ATR-72 လေယာဉ်တစ်စင်းသည် ယနေ့နံနက်၁၀နာရီ၁၅မိနစ်က ပြင်သစ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။ **(အောက်ပုံ)**

ယခုအခါ Air Bagan Limited သည် Fokker-100 လေယာဉ်တစ်စင်း၊ ATR - 42 လေယာဉ်နှစ်စင်း၊ ATR - 72 လေယာဉ်နှစ်စင်း စုစုပေါင်း လေယာဉ်ငါးစင်းဖြင့် ပြည်တွင်းခရီးစဉ်များကို တိုးချဲ့ပျံသန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

သီတာလူငယ် ဆွမ်းလောင်းအသင်းဓမ္မာရုံ တရားပွဲများဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၁

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်း သီတာလူငယ် ဝါတွင်းဝါပ ဆွမ်းလောင်းအသင်းမှ နှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ၂၃ရက်တွင် စစ်ကိုင်းရွှေဟင်္သာဆရာတော် အရှင်အာစာရာလင်္ကာရ၊ ၂၄ရက်တွင် အရှင်ဘဒ္ဒန္တသောဘဏ (တောင်ဥက္ကလာ)၊ ၂၅ရက်၌ အရှင်ကောသလ္လ (ဓမ္မစေတီ-မြောက်ဒဂုံ)၊ ၂၇ရက်တွင်အရှင်စန္ဒောဒယ (ဓမ္မဒူတ-မှော်ဘီ)၊ ၂၈ရက်တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ-မှော်ဘီ) ဆရာတော်များက ညစဉ်၆နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားများဟောကြားမည်ဟုသိရသည်။

(က-ပ)

ရခိုင်သဟာယအသင်း လေ့လာရေးခရီး

ရန်ကုန် ဇန်နဝါရီ ၂၁

ရခိုင် သဟာယအသင်း၏ ဒေသန္တရ ဗဟုသုတရရေး ဘုရားဖူး မိတ်ဆုံခရီးစဉ်အဖြစ် နှစ်ထပ်သင်္ဘောကြီးဖြင့် ဒေးဒရဲမြို့သို့ ဇန်နဝါရီ၂၈ရက်(ပြာသိုလကွယ်) စနေနေ့ နံနက်၆နာရီတွင် မော်တင်လမ်း(လမ်းသစ်ဖောတံတား) မှ နေ့ချင်းပြန်ခရီး သွားရောက်မည်ဖြစ်သည်။ အသွားအပြန်လက်မှတ် တစ်စောင်လျှင် ကျပ် ၁၀၀၀နှုန်းဖြင့် သန့်ကုန်မျိုးစုံ၊ နွားနို့ဆိုင် ဗညားဒလလမ်း ကျောက်မြောင်းဈေးအနီး၊ရွှေလင်းယုန်စတိုး၊ ပန်းဘဲတန်းသိမ်တော်ကြီးအောက်နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြို့ရွာတစ်ခွင် သာစေချင် မီးကို မပေါ့နှင့်

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ညောင်ပင်အိုင်ကျေးရွာ ကျေးလက်ရေပေးရေး တွင်းတိမ်ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၀ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဖြူးမြို့ ၁၂လမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ်၄၁သိန်းကျော် အကုန်အကျခံဆောင်ရွက်

ဖြူး ဇန်နဝါရီ ၅

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဖြူးမြို့ ၁၂လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်က အဆိုပါ လမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် မြို့မအနောက်ရပ်ကွက် ဥက္ကဋ္ဌ ဦးလှိုင်မင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၉၃၆၀၀၀နှင့်ပြည်သူများထည့်ဝင်ငွေကျပ် ၂၅၀၀၀၀နှင့် စုစုပေါင်းငွေကျပ် ၄၁၈၆၀၀၀ ဖြင့် အကုန်အကျခံ၍ အရှည် ပေ ၉၀၀၊ အကျယ် ၁၂ပေကို ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ရွှေဟင်္သာဈေးတွင် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းကို ဇန်နဝါရီ၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးချစ်ရီ၊ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် မြို့နယ် မီးသတ် ဦးစီးဌာနဦးစီးမှူး ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

သုဓမ္မနိကာယဝိနည်းစာပြန်ပွဲကျင်းပရေးစည်းဝေး

ကျောက်တန်း ဇန်နဝါရီ ၂၀

ရန်ကုန်တောင်းပိုင်းခရိုင် ရှစ်မြို့နယ်၏ အကြိမ်(၄၀)မြောက် သုဓမ္မနိကာယ ဝိနည်းစာပြန်ပွဲတော် ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီက ကျောက်တန်းမြို့ မင်းကျောင်းလမ်းနှင့် ရွှေညောင်ပင်လမ်းထောင့်ရှိ ရွှေမော်ဝန်း သာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်က အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးထွန်းလှရွှေနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများက ရှစ်မြို့နယ် ဝိနည်းစာပြန်ပွဲတွင်ဆောင်ရွက်ရမည့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စ၊ စာတော်ပြန်ဆိုပွဲ၊ ကြိုဆို နေရာချထားရေး၊ ဘဏ္ဍာရေး၊ မြို့တွင်း ဆွမ်းဆန် အလှူခံထွက်ရှိရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ကျင်းပမည်

ရန်ကုန်တောင်းပိုင်းခရိုင် ရှစ်မြို့နယ် အကြိမ်(၄၀)မြောက် ဝိနည်းစာပြန်ပွဲတော်ကို ကျောက်တန်းမြို့ ရွှေမော်ဝန်း သာသနာ့ဗိမာန်တွင် ဇန်နဝါရီ၂၆ရက်မှ၂၉ရက်အထိကျင်းပမည်ဖြစ်ပြီး ကျောက်တန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်တို့မှ သံဃာ့ကိုယ်စားလှယ် ၁၃၁ပါး၊ ဝိနည်းစာတော်ပြန် ရဟန်းသာမဏေ ၄၅၀စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၅၈၁ပါး အာဂုံပြန်ဆိုတော်မူကြမည်ဖြစ်သည်။

လှူဒါန်းနိုင်

ရှစ်နှစ်ကြာမှ တစ်ကြိမ်အလှည့်ကျ ကျင်းပရသည့် ဝိနည်းစာတော်ပြန်ပွဲတွင် ဓမ္မပူဇာ အလှူတော်ငွေ ထည့်ဝင်လိုပါက ကျင်းပရေးကော်မတီ ဖုန်း–၀၅၆–၂၅၀၀၃နှင့် ၂၅၀၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၀၉)

အမ်းမြို့နယ်တွင် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

အမ်း ဇန်နဝါရီ ၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊မြို့နယ်ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းက ဖတ်ကြားကြောင်းသိရသည်။ **(က–ပ)**

ကလိန်အောင်မြို့နယ်၌ ရွှေ့ဆောင်စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးဆွေးနွေး၊ စာအုပ်လှူဒါန်း

ကလိန်အောင် ဇန်နဝါရီ ၈

ထားဝယ်ခရိုင် ကလိန်အောင် မြို့နယ် အမှတ်(၄) ရပ်ကွက်တွင် ရွှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ဟောပြောပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဗိုလ်မြင့်၊ မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့် အမှတ်(၄) ရပ်ကွက်အဖွဲ့ဝင်ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံရယူ

ထို့နောက် ရွှေ့ဆောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ကိုယ်စား အဖွဲ့ဝင်ဦးသက်ဝင်းက ငွေကျပ် ၅၀၀၀ နှင့်စာအုပ်များကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးဦးဗိုလ်မြင့်က ငွေကျပ် ၃၀၀၀ကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဒေါ်ခင်ဖြိုးဝေက စာအုပ်မျိုးစုံ ၁၂၀နှင့်ငွေကျပ် ၁၀၀၀၀ ကို လည်းကောင်း လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၃–၁–၂၀၀၆ (တနင်္လာနေ့)
❑ The Law of Contract
- LL.B (2nd Year) and B.A (Business Law) (2nd Year)
❑ Legal Framework on ASEAN
- B.A (SEAP Studies) (3rd Year)

၂၄–၁–၂၀၀၆ (အင်္ဂါနေ့)
❑ Environmental Law
- B.Sc (Environmental Studies)(3rd Year)
❑ Constitution of ASEAN
- B.A(SEAP Stduies)(3rd Year)

၂၅–၁–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
❑ မြန်မာစာမြန်မာစကား
- မြန်မာစာမဟာဝိဇ္ဇာ၊ ဘာသာစကားအထူးပြုကျောင်းသား၊ ကျောင်းသူများ
❑ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- LL.B (2nd Year) and B.A (Myanmar Studies) (3rd Year)

၂၆–၁–၂၀၀၆ (ကြာသပတေးနေ့)
❑ An Introduction to AUN
- ဘွဲ့ကြိုဝိဇ္ဇာသင်တန်းသားများ၊ASEAN Quizဖြေမည့် အထက်တန်းကျောင်းသားများအတွက်
❑ An Introduction to Archaeology with reference to Beikthano Pyu Culture
- ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြို ကျောင်းသား၊ကျောင်းသူများ

၂၇–၁–၂၀၀၆ (သောကြာနေ့)
❑ The Beginning of Quantum Theory I
- ပထမနှစ်နှင့်ဒုတိယနှစ်အထူးပြုကျောင်းသား၊ကျောင်းသူများ၊ အများပြည်သူများ
❑ The Beginning of Quantum Theory II
- ပထမနှစ်နှင့်ဒုတိယနှစ်အထူးပြု ကျောင်းသား၊ကျောင်းသူများ၊ အများပြည်သူများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၈–၁–၂၀၀၆ (စနေနေ့)
❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများအတွက် သင်ခန်းစာများ

၂၉–၁–၂၀၀၆ (တနင်္ဂနွေနေ့)
❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ကျောင်းသူများအတွက် သင်ခန်းစာများ

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိနီမာရသွန်ပြိုင်ပွဲများကျင်းပ၊ ဆုများချီးမြှင့်

ရွှေတောင် ဇန်နဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင် အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံက ကြီးမှူး၍(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စက်ရုံဝန်ထမ်းများနှင့် မိသားစုများ ကျန်းမာကြံ့ခိုင်ရေး ရည်မှန်းချက်ဖြင့် မိနီမာရသွန်ပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက်က စက်ရုံရှေ့ ပြည်–ရန်ကုန်လမ်းမကြီးပေါ်တွင် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ စက်ရုံမှူးဦးဇော်ဝင်းမောင်နှင့် ဌာနတာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများ၊ စက်ရုံမြေရပ်ကွက် မိသားစုဝင်များ၊ ရွှေတောင်မြို့အနီးဝန်းကျင်မှ အားပေးကြည့်ရှုသူများဖြင့် စည်ကားစွာ ကျင်းပသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားအလွတ်တန်း၊ အမျိုးသမီး အလွတ်တန်း၊ (၄၅)နှစ်အထက် အမျိုးသား၊ မိသားစု နှင့် ကျောင်းသား ကျောင်းသူပြိုင်ပွဲများတွင် အနိုင်ရရှိသူများ၊ ပန်းဝင်ခဲ့ကြသူများအားလုံးကို စက်ရုံမှူးနှင့် ဌာနတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(စက်မှု–၁)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က စစ်တွေမြို့ ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက သားကောင်းမိခင်ဆုရ ကျောင်းတက်လမ်းရပ်ကွက်မှ ဒေါ်သိန်းနုအား ဆုပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

အရှင်ပညာသီဟာဘိဝံသတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၁

အရှင်ပညာသီဟာဘိဝံသ(သစသအ)မွှေ့စရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတသည်ကမာရွတ်မြို့နယ် ပျော်ဘွယ်ကျောင်းလမ်းမြကန် သာခမ္မာရုံ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက် ည ၆ နာရီမှ ၇နာရီအထိ ပဋ္ဌာန်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်နာကြားနိုင်ကြောင်း သိရသည်။ (က-ပ)

အောင်မြေသာစံမြို့နယ်တွင် စက်ယန္တရားများအသုံးပြု မြေစာရှင်းလင်း ကန်တော်ကြီးအတွင်း လူထုအပန်းဖြေဥယျာဉ်တည်ဆောက်ရေးဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၉ရက် ညနေ ၄နာရီခွဲက အောင်မြေသာစံမြို့နယ် ၈၃လမ်းနှင့် လမ်း ၈၀ကြား ၂၃လမ်းအကြီးစားပြုပြင်ခြင်းလုပ်ငန်းနှင့် မန္တလေး ကန်တော်ကြီး လူထုအပန်းဖြေ ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၈၃လမ်းနှင့် လမ်း ၈၀ကြား၊ ၂၃လမ်းတစ်လျှောက် စက်ယန္တရားကြီးများ အသုံးပြုကာလမ်းမပေါ်ရှိ မြေကြီး၊မြေစာများရှင်းလင်းဆောင်ရွက်နေမှု**(အပေါ်ပုံ)** ရေတင်ရေဝပ်မှု မရှိစေရေးအတွက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ဆယ်ယူ နေမှုနှင့် ရေစီးရေလာကောင်းမွန်ရေးသတ်မှတ်ထားသည့်လမ်းဇရိယာ အကျယ်ရရှိရေးအတွက် နေအိမ်ရှေ့ မျက်နှာစာများ ကျူးကျော်ဆောက်လုပ်ထားသည် များ ဖယ်ရှားရှင်းလင်းသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လမ်းတံတားဌာန ဌာနမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာတို့အားလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် ကတ္တရာ လမ်းပြုပြင်ခင်းကျင်းရေး ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကန်တော်ကြီးသို့ သွားရောက်ကြပြီး ကန်တော်ကြီးအတွင်း၌ လူထုအပန်းဖြေဥယျာဉ် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာန ဌာနမှူးနှင့် တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။ (၁၁၃)

စုပေါင်းဆောင်ရွက်

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်း အလှပင်များ ပြုစုပျိုးထောင်ခြင်း၊ မြေဆွေးထည့်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၃ ရက်က ဒုတိယဦးစီးမှူးဒေါ်မော်မော်သိန်းနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

ပန်နန်းဒင်မြို့ ခါကာဘိုရာဇီ ကျောက်ခင်းလမ်းဖွင့်

ပန်နန်းဒင် ဇန်နဝါရီ ၅

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်နန်းဒင်မြို့ ခါကာဘိုရာဇီ ကျောက်ခင်းလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ အဆိုပါလမ်းကို အမှုဆောင်အရာရှိက ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းသည် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေကျပ် ၁၅သိန်းဖြင့် ဆောင်ရွက်ရာ အကျယ် ၁၂ပေ၊ အရှည် တစ်ဖာလုံရှိကြောင်း သိရသည်။ (ပြည်နယ် စည်ပင်)

စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး သင်တန်းဆင်း

ပျဉ်းမနား ဇန်နဝါရီ ၈

ပျဉ်းမနားမြို့ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့က ကျင်းပသော စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ဉာဏ်သစ်လောင်းသင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၃၀ ရက်က မဟာလယ်တီစံ ကျောင်းတော်ကြီး၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဂုဝတို့ကြွရောက်သင်တန်းဆင်း သြဝါဒ ချီးမြှင့်ပေးသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ရှိန်၊ သင်တန်းတာဝန်ခံ ဦးဝင်းစိန်တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆရာကြီးဦးလှသိန်းထွန်းက သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးသည်။

ယင်းသင်တန်းတွင် ကျောင်းများ၌ ကျောင်းသားလူငယ်များကို စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး သင်တန်းများ ပို့ချပေးနေသော မြို့နယ်များမှ ကျောင်းဆရာ ဆရာမ ၂၇ ဦးနှင့် သင်တန်းသားများတက်ရောက်ကြသည်။ (၁၀၁)

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မိတ္ထီလာမြို့နယ်၌ဆွေးနွေး

မိတ္ထီလာ ဇန်နဝါရီ ၂

မိတ္ထီလာမြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက တောမကျေးရွာရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် တည်တံ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က စာကြည့်တိုက်များအတွက် စာအုပ်စာပေများ တိုးတက်ရရှိရေး ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ရာသက်ပန်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် အင်အားတိုးတက်ရရှိရေးတို့ကိုရှင်းလင်းဆွေးနွေးကြသည်။ (ခရိုင်ပြန်/ဆက်)

ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ရုံး မြေနေရာအား စက်ယန္တရားဖြင့် မြေညှိရာသို့ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ကျုံပျော်မြို့ ဒေါနလမ်း အပိုင်း(၁)ကျောက်ချောလမ်းသစ်ဖွင့်

ကျုံပျော် ဇန်နဝါရီ ၉

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သောအထောင်တိုက်နယ်ဒေါနလမ်းအပိုင်း(၁)ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က အဆိုပါ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဦးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးက ကျောက်ချောလမ်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဦးလွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ကျောက်ချောလမ်းသစ်ကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ် စည်ပင်)

ဆော့လော်မြို့ တွင်းလမ်း မြေသားလမ်းပြု ပြင် အညွှန်းပြပိုစတာစိုက်ထူ

ဆော့လော်မြို့ ဇန်နဝါရီ ၁၀

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆော့လော်မြို့တွင်းလမ်းမကြီးများတစ်လျှောက် အမှိုက်သရိုက်များ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြေသားလမ်းများပြုပြင်ခြင်း၊ ရပ်ကွက်နှင့် လမ်းအညွှန်းပြပိုစတာများ စိုက်ထူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးစိုင်းကိုကိုနှင့် အမှုဆောင်အရာရှိ ဦးဇော်ခေါင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ပြည်နယ် စည်ပင်)**

ရေနံချောင်းမြို့ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ဒီဇင်ဘာ ၁၁ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဝမ်းမြောက်ဖွယ် ကန်ထရိုက်တိုက်ခန်း ခြံဝင်း၊ ကွန်ဒိုများ အတွက်

နှစ်(၃၀)ကျော်အသုံးခံ သံချေးမတက်သည့် စတီး ရေတိုင်ကီ၊ သွပ်ပြား၊ ဆေးပြား၊ သံပြား၊ ဆိုဒ်မျိုးစုံ ရေတိုင်ကီ များကို နှစ်သစ်အတွက် အထူးဈေးနှုန်းဖြင့် အော်ဒါလက်ခံပြုလုပ်ပေးခြင်း၊ အသင့်လုပ်ပြီးသားရေတိုင်ကီများ ရောင်းချပေးနေပါသည်။ သံသေတ္တာ၊ ဘဏ်သုံး၊ ဗိုလ်လောင်းသုံး၊ အထွေထွေသုံး သံပြားအထူဖြင့် အသင့်လုပ်ပြီး သံသေတ္တာများနှင့် အော်ဒါ လက်ခံ ဆောင်ရွက်ပေးနေပါသည်။

မှတ်ချက်။ ။ ရေတိုင်ကီအဟောင်းများကို ဈေးနှုန်းသတ်မှတ်၍ လဲလှယ်ပေးခြင်း၊ ပြုပြင်ပေးခြင်းများ အမြန်ဆောင်ရွက်ပေးသည်။ ဘဲကင်မီးဖို၊ အုတ်ပေါင်၊ ခေါင်းတိုင်များကို အထူးအာမခံဖြင့် ပြုလုပ်ပေးပါသည်။

စုံစမ်းရန်။ ။ ဖုန်း– ၅၅၅၆၈၃

လက်ကီးဖြိုးရေတိုင်ကီ၊ ၁၆၄ လမ်းနှင့် ကျိုက္ကဆံလမ်းထောင့်၊ တာမွေမြို့နယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး

တင်ဒါများ ဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အောက်ရှိ အစိုးရကွန်ပျူတာကောလိပ်(၃)ထပ် အဆောက်အအုံသစ်များကို ဗန်းမော်၊ လားရှိုး၊ ကလေး၊ တောင်ကြီး၊ လွိုင်ကော်၊ ပခုက္ကူ၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်နှင့် မြိတ်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q)နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ မြို့များရှိ အစိုးရ နည်းပညာကောလိပ်များမှ အကူအညီ ရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ရုံးအဖွဲ့မှူး–သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၆၅၂၈၆၀၊ ၆၆၃၀၂၄။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ တင်ဒါများကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

Win Win War Media Co., Ltd.

[illegible]

1) IT Manager Male (1 Post)

Network Administration, Mail Rule, SPAM Control, Website Management, Web Server Manage (With Webmin or cPanel), Web Development (With PHP, ASP), Database Management and Administration, System Maintenance, GIS Knowledge, Printing Knowledge.

Education- Any Graduate With IT Certification.

Experience - 4 years. Language-English (Essential)

2) Receptionist Female (1 Post)

[illegible]

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)

(၁) Admin Manager မ(၁) ဦး
(၂) Marketing ကျား/မ(၅) ဦး
(၃) လိပ်တံခါးကျွမ်းကျင်လုပ်သား ကျား(၂) ဦး
(၄) စတီးကျွမ်းကျင်လုပ်သား ကျား(၂) ဦး
(၅) အလူမီနီယံကျွမ်းကျင်လုပ်သား ကျား(၂) ဦး

အမှတ်စဉ် (၁)အတွက် ဘွဲ့ရ၊ စီမံရေးနှင့်အိမ်တွင်းအလှဆင်လုပ်ငန်း အတွေ့အကြုံ(၃)နှစ်၊ ကွန်ပျူတာတတ်ကျွမ်းရမည်။ အသက် (၂၅)နှစ်မှ (၃၂)နှစ်အထိ။

အမှတ်စဉ်(၂)အတွက် ဘွဲ့ရ၊ အခြေခံပညာအထက်တန်းအောင် AGTI (Civil)– လုပ်ငန်းအတွေ့ အကြုံ(၂)နှစ်၊ ရုပ်ရည်သန့်ပြန့်ရမည်။ အသက်(၂၀)မှ (၂၅)နှစ်အထိ။

အမှတ်စဉ်(၃)၊ (၄)နှင့်(၅)အတွက် လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ လိပ်တံခါး၊ အလူမီနီယံ၊ မျက်နှာကြက်လုပ်ငန်းများကို ခေါင်းဆောင်လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အသက် (၂၅)နှစ်မှ (၄၅)နှစ်အထိ။

လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှင့်ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူများနှင့်အတူ တစ်ပတ်အတွင်း လာရောက် လျှောက်ထားနိုင်သည်။

Min Lwin Construction Co., Ltd.
Super Sun Shine Home Decoration
အမှတ်(၅၃)၊ အခန်း(၂)၊ မြေညီထပ် ၅၅–လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း–၂၉၇၂၁၁။

ကျွမ်းကျင်လုပ်သားအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

၁။ လက်သမားအဖွဲ့(ပရိဘောဂ၊ ပြတင်း၊ တံခါး၊ ကျွမ်းကျင်)အနည်းဆုံး(၁၅)ဦးပါ အဖွဲ့ဖြစ်ရမည်။

လျှောက်ထားသူများသည် ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ကိုယ်ရေးရာဇဝင်အကျဉ်း၊ သက်ဆိုင်ရာ အထောက်အထားမိတ္တူများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်ဖုန်း– (၀၁)၅၄၃၃၈၇၊ ၅၅၈၈၂၇။

ဆရာဦးမန်းထင်အောင်

ရှေးဟောင်းမြန်မာ့ရိုးရာ အနင်း၊ အနှိပ်၊ အချိုး အကြောပြင် အတတ်ပညာပုံပြ (ရုပ်ပြ) ပညာ **စာအုပ်ထွက်ပြီ။**

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် နယ်မြေ(၁၆) အိမ်အမှတ် (စ/၈၃၀) ကျောင်းပတ်လမ်းနေ (ဦးစိန်လင်း)– ဒေါ်စိန်မြင့်တို့၏ သမီးဖြစ်သူ မအေးအေးခိုင် ၁၃/တကန(နိုင်) ၀၉၅၈၈၉ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် ပြုမူဆောင်ရွက်ပြီး မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) ဒေါ်စိန်မြင့် ၁၃/တကန (နိုင်)၀၇၁၆၈၈။

အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၆ ခုနှစ်၊ တရားမအထွေထွေအမှတ်–၁
ပျံလွန်တော်မူသူ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလသာရ၏ ကျန်ရစ်သော ပစ္စည်းအကြောင်း

ဦးဖိုးလူ
ရသေ့တောင်ကျောင်းတိုက်
ပြည်လမ်း၊ ထောက်ကြန့်မြို့ (မြောက်ပိုင်း)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ------ **လျှောက်ထားသူ**

အထက်ပါလိပ်စာနေ ဦးဖိုးလူက ပျံလွန်တော်မူခဲ့သော ဘုန်းတော်ကြီး ဘဒ္ဒန္တကုဏ္ဍလသာရ၏ ဖခင်ဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းဘုန်းတော်ကြီး ဘဒ္ဒန္တကုဏ္ဍလသာရမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံ၍ အမွေဆက်ခံရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေဆက်ခံရန် လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းပျံလွန်တော်မူသူ ဘုန်းတော်ကြီး ဘဒ္ဒန္တကုဏ္ဍလသာရ၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက် (၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်)၊ နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးဖိုးလူ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိုက်မည်။

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

စော်ဘွားကြီးကုန်းပွဲရုံနှင့် ယာဉ်ရပ်နားစခန်းရှိ ဆိုင်အမှတ်(၉၂/၈)နှင့် ပတ်သက်၍ ကြေညာချက်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ယာဉ်ရပ်နားစခန်းရှိ ဆိုင်အမှတ် (၉၂/၈)သည် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်ကွန်ဒိုမီနီယံ၊ အခန်း ၃၀၃(၄–လွှာ)နေ၊ ဒေါ်အေးအေးဝင်း ၁၂/လကန(နိုင်) ၁၃၃၄၉၁ နှင့် ဒေါ်နုနုငွေးတို့အမည်ဖြင့် သက်ဆိုင်ရာဌာန၌ ပိုင်ရှင်အမည် ပေါက်လျက်ရှိသော ဆိုင်ခန်းဖြစ်ပါသည်။

ဒေါ်အေးအေးဝင်း ခရီးသွားနေစဉ် ၎င်းမှယုံကြည်စွာ အပ်နှံထားခဲ့သူ ဒေါ်နုနုငွေးက ဒေါ်အေးအေးဝင်း၏ သဘောတူခွင့်ပြုချက်အလျဉ်းမရှိဘဲ၊ ဒေါ်ခင်မာမြင့် ဆိုသူသို့ မမှန်မကန်သောနည်းဖြင့် တရားမဝင်လွှဲပြောင်းပေးကာ အလွဲသုံးစားပြုလုပ်ခဲ့ရာမှ ထိုဒေါ်ခင်မာမြင့်မှ တစ်ဆင့်အခြားသူများသို့ တရားမဝင်အဆင့်ဆင့် လွှဲပြောင်းမှုပြုနေကြကြောင်း သိရှိရပါသည်။

သို့ပါ၍ ယင်းဆိုင်ခန်းအား ယခုလက်ရှိဖြစ်နေသူသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ဖြေရှင်းပါရန်နှင့် ယင်းရက် ကျော်လွန်သည်အထိ ဆက်သွယ်ဖြေရှင်းမှုမပြုခဲ့ပါက တရားမဝင်လွှဲပြောင်း/လက်ခံမှုပြုခဲ့သူ အသီးသီးကို ဥပဒေနှင့်အညီ ဒေါ်အေးအေးဝင်းက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်အေးအေးဝင်း လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးဟန်၊ ဦးလှမင်း၊ ဒေါ်ခင်မာလာကြည်
တရားရုံးချုပ်ရှေ့နေများ
အမှတ်(၁၇၀)၊ဒုတိယထပ်၊ ၃၃–လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၇၅၀၁၈။

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အုတ်တွင်း၌ အမျိုးသမီးရေးရာ သိကောင်းစရာဟောပြော

အုတ်တွင်း ဇန်နဝါရီ ၁၉

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးရေးရာ သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ပေါက်တောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ပေါက်တောရေသိုး၊ ဇောဓိကုန်းနှင့် ယန္တယားကျေးရွာများမှ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့် **(ဝဲပုံ)**က အမျိုးသမီးရေးရာနှင့် ပတ်သက်၍ သိကောင်းစရာများကို ဟောပြောပြီး အဖွဲ့ဝင် ဒေါ်ခင်လေးနွယ်က အမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် စည်းကမ်းများကို ရှင်းလင်းဟောပြောသည်။ **(၃၁၆)**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၂၁ ရက်က ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိဦးတင်ကို၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြစ်ကြီးနားမြို့၌ သာယာလှပရေး လုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့စိမ်းလန်းစိုပြည်၍ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ရက်က ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းပန်းဘောင် အမှတ် ၃၅မှ ၁၆၃အထိ ပန်းဘောင်ပေါ်တွင် စိုက်ပျိုးထားသော ဘဲစားမြက်များ၊ ပန်းများရှင်သန်ဖူးပွင့်စေရေးအတွက် သန့်ရှင်းရေးဌာနစိတ်မှ ဒုတိယဦးစီးမှူး(သန့်) ဦးဆောင်သော ဝန်ထမ်းများအဖွဲ့ပိုင်ရေကားဖြင့် နေ့စဉ်ရေဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

အနောက်နိုင်ငံကြီးအချို့ မီဒီယာအမျိုးမျိုးအသုံးချပြီး မိမိတို့ပြည်တွင်းရေးဝင်ရောက်စွက်ဖက်နေ ယင်းအန္တရာယ်များကာကွယ်တားဆီးနိုင်ရန် အမျိုးသားရေးဝါဒကို ပြည်သူအားလုံး ခိုင်ခိုင်မာမာလက်ခံယုံကြည်နေအောင် စာပေသမားများက စာပေစွမ်းအားဖြင့်တာဝန်ယူဆောင်ရွက်

မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး မိမိတို့တတ်ကျွမ်းသည့် စာပေကဏ္ဍမှ တစ်တပ်တစ်အားပါဝင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါ်သိန်းဆိုင် (မမြတ်လေး) အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် (စာအုပ်)ဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အလှူရှင် ပခုက္ကူဦးအုံးဖေ၊ ပခုက္ကူ ဦးအုံးဖေစာပေဆု စိစစ်ရေးအဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သတင်းစာဆရာများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် (စာအုပ်)ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်သ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ၂၀၀၅ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုများနှင့် စာကြည့်တိုက်ဆုများ ချီးမြှင့်သည့်အခမ်းအနားသို့ ကြွရောက်အားပေးကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင်ဦးအုံးဖေနှင့်တကွ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စာပေစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး နှစ်သစ်အခါသမယတွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ မိမိတို့မြတ်နိုးသည့် အနုပညာစာပေဖြင့် နိုင်ငံအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ■

အနာဂတ်နိုင်ငံတော်အတွက်လိုအပ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေး အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားပေါင်းစုံ ပါဝင်ရေးဆွဲအကောင်အထည်ဖော်နေ

သမိုင်းမော်ကွန်းတင်ရမည့် အမျိုးသားညီလာခံကြီးအောင်မြင်ရေး အမျိုးသားရေးတာဝန်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၁

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၉ရက် နံနက်၇နာရီတွင် တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီးရှိ မြို့မအားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လူထုအစည်းအဝေးသို့ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြိတ်တက္ကသိုလ်မှ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် ကျောင်းသားကျောင်းသူများ၊ မြိတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ မိသားစုဝင်များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ရော်ဘာနှင့် ဆီအုန်းလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်း အင်အား ၁၃၅၀၀ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ *

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)